# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့။ Thursday, 15 September 2022 ၁၀၅၉၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## မဝေးသည့်ခရီး နီးသည်ထက် နီးစေ


ဆောင်းပါး စာမျက်နှာ » ၆၊ ၇


## ရန်ကုန်မြို့ ပြည်လမ်းမကြီးတစ်လျှောက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ရန်ကုန် စက်တင်ဘာ ၁၄**

ရန်ကုန်မြို့ ပြည်လမ်းမကြီးတစ်လျှောက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလမှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးကာ လမ်းလယ်နေရာများတွင် ခေတ်မီလျှပ်စစ်မီးတိုင်များ တိုးချဲ့စိုက်ထူပြီး လျှပ်စစ်မီးများ ထွန်းညှိထားမှုကြောင့် ယခင်ထက်ပင် ပိုမို၍လှပလာသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

**စီစဉ်ထား**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မြို့ပြတစ်ခုလုံး ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ စမ်းချောင်းမြို့နယ် မြေနီကုန်းခုံးကျော်တံတားအဆင်းမှ ၁၀ မိုင်ကုန်းလေဆိပ်အဝင်လမ်းအထိ အများပြည်သူအတွက် အစိမ်းရောင်နယ်မြေများနှင့် သစ်ပင်များ ထပ်မံတိုးချဲ့စိုက်ပျိုးသွားရန် စီစဉ်ထားကြောင်း သိရသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




ရန်ကုန်မြို့ ပြည်လမ်းတစ်လျှောက် ခေတ်မီလျှပ်စစ်မီးတိုင်များ တိုးချဲ့စိုက်ထူ၍ လျှပ်စစ်မီးများ ထွန်းညှိထားမှုကို တွေ့ရစဉ်။

**ယနေ့ ဖတ်စရာ**

### တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ ငြိမ်းချမ်းရေးဆွေးနွေးရန် နေပြည်တော်သို့ ရောက်ရှိ




စာမျက်နှာ » ၅


### ကမ္ဘာကြည့် ကြည့်ကြရအောင်


စာမျက်နှာ » ၁၀


### ချိုချဉ်ရိုးရာ အမည်ပေးဓလေ့ ထူးခြားမှုများ


စာမျက်နှာ » ၁၉





ကြေးမုံ

# နည်းပညာကဏ္ဍမြှင့်တင် လူကုန်ကူးမှုတိုက်ဖျက်

၂၀၂၂ ခုနှစ် ဒသမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အတွက် သတ်မှတ်ထားသည့် ဆောင်ပုဒ်မှာ "လူကုန်ကူးမှုတိုက်ဖျက်ဖို့ နည်းပညာ အခန်းကဏ္ဍ မြှင့်တင်လုပ်ဆောင်ကြစို့" ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ချမှတ်ထားသော လူကုန်ကူးမှုဆောင်ပုဒ်နှင့်အညီ နည်းပညာကဏ္ဍကို အဆင့်မြှင့်တင်၍ ပြည်တွင်း၊ ပြည်ပချိတ်ဆက်ပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများ ရရှိခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

လူကုန်ကူးမှုသည် လူသားအချင်းချင်း စာနာမှုကင်းမဲ့စွာဖြင့် ခေါင်းပုံဖြတ် အမြတ်ထုတ်သော ခေတ်သစ်ကျေးကျွန်စနစ်အသွင် ဖြစ်ပေါ်လာသည့် ပြဿနာ တစ်ခုဖြစ်သည်။ လူကုန်ကူးမှုပြဿနာကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကြုံတွေ့ နေရပြီး အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျသော နိုင်ငံများတွင် လူကုန်ကူးမှု နှင့်နောက်ဆက်တွဲဆိုးကျိုးများကို ပိုမိုခံစားနေရသည်။ မျက်မှောက်ကာလတွင် လူကုန်ကူးမှုပြဿနာသည် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် ဆက်နွှယ်လာသဖြင့် ကမ္ဘာ့နိုင်ငံများက နည်းလမ်းမျိုးစုံဖြင့် ထိရောက်စွာ တားဆီးကာကွယ်နေကြ သော်လည်း လူကုန်ကူးမှုပြဿနာမှာ မြင့်မားနေဆဲဖြစ်သည်။

ပြီးခဲ့သည့်ရက်သတ္တပတ်က အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့တွင် လူကုန်ကူးခြင်းခံရသည့် မြန်မာအမျိုးသမီး ခုနစ်ဦးအား ကယ်တင်နိုင်ခဲ့သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့က လူမှုကွန်ရက်ပေါ်တွင် စုံစမ်းထောက်လှမ်းတွေ့ရှိပြီး မြန်မာ-ဒူဘိုင်း နှစ်နိုင်ငံရဲတပ်ဖွဲ့ ပူးပေါင်းဆောင်ရွက်မှုဖြင့် လူကုန်ကူးသူများကို ဖမ်းဆီးရမိပြီး မြန်မာအမျိုးသမီးများကို ကယ်တင်နိုင်ခြင်းသည် နည်းပညာကို ထိရောက်စွာအသုံးချနိုင်ခြင်း၏ အကျိုးကျေးဇူးဖြစ်သည်။ မျက်မှောက်ကာလသည် နည်းပညာခေတ်ဖြစ်၍ လူကုန်ကူးမှုတိုက်ဖျက်ရာတွင်လည်းကောင်း၊ လူကုန်ကူးခံရ လျှင်လည်းကောင်း နည်းပညာကိုအသုံးပြု၍ အကျိုးရှိအောင် ဆောင်ရွက်နိုင်သည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုပြဿနာ ဖြစ်ပွားစေသည့် အဓိကအကြောင်းရင်း များတွင် ပြည်တွင်းရေးအခြေအနေများနှင့် ပြည်ပတွင်အလုပ်အကိုင်ရလိုမှုတို့ ကြောင့် ဖြစ်ပေါ်နေသည်ကိုတွေ့ရမည်ဖြစ်သည်။ ပြည်ပနိုင်ငံများတွင် အလုပ်အကိုင် များသွားရောက်လုပ်ကိုင်နေမှုများကို အသုံးချ၍ လူကုန်ကူးမှုကို ဂိုဏ်းဖွဲ့ကျူးလွန်နေ ကြခြင်းဖြစ်သည်။ လူကုန်ကူးမှုကို လေ့လာဆန်းစစ်ကြည့်လျှင် ပြည်တွင်း၌ လူကုန် ကူးမှုသည် ၁၉ ဒသမ ၆၈ ရာခိုင်နှုန်းရှိပြီး ပြည်ပကိုအကြောင်းပြု၍ လူကုန်ကူးမှုမှာ ၈၀ ဒသမ ၃၂ ရာခိုင်နှုန်းရှိသည်။ လူကုန်ကူးခံရသူများအနက် ၅၀ ရာခိုင်နှုန်းမှာ အမျိုးသမီးနှင့် ကလေးသူငယ်များဖြစ်ကြသည်။ ပြည်ပတွင် အလုပ်အကိုင်ရလိုသည့် အမျိုးသမီးငယ်အနေဖြင့် လူကုန်ကူးခံရမှုအခြေအနေ အများဆုံးရှိနေသည်ကို သတိပြုရမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ အသက်ငယ်ရွယ်သည့် မိန်းကလေးများကို အဓမ္မထိမ်းမြား လက်ထပ်ရန် ပွဲစားများက စည်းရုံးခေါ်ဆောင်ခြင်း၊ အငှားကိုယ်ဝန်ဆောင်ခြင်း၊ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း၊ ငါးဖမ်းစက်လှေများနှင့် ကျွဲဖောင်လုပ်ငန်းများ တွင် အဓမ္မလုပ်အားခေါင်းပုံဖြတ်ခိုင်းစေခြင်း၊ ဘဝရပ်တည်ရန် ခက်ခဲသူများအပေါ် ကြွေးမြီဖြင့် နှောင်ဖွဲ့စေခိုင်းခြင်း၊ ဆိုရှယ်မီဒီယာကိုအသုံးပြု၍ စည်းရုံးခေါ်ဆောင် ရောင်းစားခြင်း စသည့်လူကုန်ကူးမှုပုံစံမျိုးစုံ ဖြစ်နေကြောင်းတွေ့ရသည်။ အဓမ္မ စေခိုင်းမှုမှုခင်းများမှာ ၆၁ ဒသမ ၁၁ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး အဓမ္မ ပြည့်တန်ဆာစေခိုင်းမှုမှာ ၂၂ ဒသမ ၂၂ ရာခိုင်နှုန်းရှိ၍ အဓမ္မလက်ထပ်မှုမှာ ၁၁ ဒသမ ၁၁ ရာခိုင်နှုန်းနှင့် အဓမ္မမွေးစားမှုမှာ ၅ ဒသမ ၅၆ ရာခိုင်နှုန်းရှိသည်ကို တွေ့ရသည်။

လူကုန်ကူးမှုအန္တရာယ်များကို ပြည်သူလူထုကြားတွင် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ မိုဘိုင်းဖုန်းများမှတစ်ဆင့် အချက်အလက်များ ပေးပို့ခြင်း၊ အခြေခံပညာကျောင်းသင်ခန်းစာများတွင် ဘဝအတွက်သိမှတ်စရာ ဘာသာရပ်များထည့်သွင်းအသိပေးခြင်း၊ လူကုန်ကူးခံရသူများအား အချိန်မီ ကယ်တင်နိုင်ရန် ၂၄ နာရီ သတင်းပေးတိုင်ကြားနိုင်သည့် အရေးပေါ်ဖုန်းများကို အဓိကကျသည့်မြို့ကြီးများတွင် အသိပေးထားခြင်း၊ ဖော်ထုတ်ခြင်း၊ အရေးယူခြင်း၊ ကယ်တင်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ရွှေ့ပြောင်းသွား လာမည့် အလုပ်သမားများနှင့် ၎င်းတို့၏မိသားစုများအား ကူညီနိုင်ရေးအတွက် ထောက်ပံ့ကူညီရေးဗဟိုဌာနများကို ဖွင့်လှစ်ထားရှိပေးပြီး ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေးလုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် နည်းပညာသည် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်လျက် ရှိသဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ နည်းပညာအသုံးပြု သတင်း ဖလှယ်ရေးလုပ်ငန်းများ၊ စုံစမ်းထောက်လှမ်း ဖော်ထုတ်ကယ်တင် အရေးယူမှု လုပ်ငန်းများအား ပြည်သူလူထု၏ တက်ကြွစွာပါဝင်ဆောင်ရွက်မှုဖြင့် ဟန်ချက် ညီညီ အကောင်အထည်ဖော်နိုင်ပါက မြန်မာနိုင်ငံတွင် လူကုန်ကူးမှုပြဿနာများ လျော့နည်းကျဆင်းလာပြီး ထိရောက်စွာထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း။ ။




## နယ်စပ်ရေးရာဝန်ကြီးဌာနက ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၄

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဝါတွင်းကာလ ဝါဆိုသံဃာတော်များ ဆွမ်းကွမ်းအခက်အခဲမရှိစေရန်အတွက် တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ထားဝယ်) ကွပ်ကဲမှုအောက်ရှိ ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများက ယမန်နေ့ နံနက်ပိုင်းတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲတို့ လှူဒါန်းလျက်ရှိကြောင်း သိရသည်။



ထိုသို့လှူဒါန်းလျက်ရှိရာ ဘုတ်ပြင်းမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ် ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဘိုဘိုကျော်နှင့် တာဝန်ရှိသူများက ဓမ္မအလင်းရောင်ကျောင်းတိုက်ရှိ သံဃာ တော်များ၊ စာသင်သားသာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲတို့ကို သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြ သည်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသ ကြီး ခရိုင်/ မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများနှင့် အခြား ဘာသာရေးကျောင်းများသို့လည်း ဆွမ်းကိစ္စရပ်များ အဆင်ပြေ စေရန် ရည်ရွယ်၍ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲတို့အား ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၄- ၉ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၉၀၀ | ၁,၉၆၇ | ၁၇,၃၅၂,၉၀၀ |
| MTSH | ၃,၂၅၀ | ၃,၁၅၀ | ၅,၇၇၅ | ၁၇,၆၈၀,၀၀၀ |
| MCB | ၇,၂၀၀ | ၇,၉၀၀ | ၂၄၇ | ၁,၇၈၁,၂၀၀ |
| FPB | ၁၉,၀၀၀ | ၂၀,၅၀၀ | ၉၇ | ၁,၉၁၈,၀၀၀ |
| TMH | ၂,၆၅၀ | ၂,၈၀၀ | ၂,၃၅၈ | ၆,၅၈၂,၁၀၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၁၀၁ | ၂၆၄,၆၅၀ |
| AMATA | ၄,၉၀၀ | ၅,၅၀၀ | ၄ | ၂၀,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၁၄

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၁၀၂.၀ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၁.၇၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၇.၃၆၉ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၃.၈၈ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၆.၄၄၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၁၄.၁ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၉၆.၂ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၄၆၅.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၀.၈၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

# (၅၄)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ စတင်ကျင်းပ




**နေပြည်တော် စက်တင်ဘာ ၁၄**

ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့တွင် ကျင်းပသည့် (၅၄)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေးဝန်ကြီးဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

**တက်ရောက်**

အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ကျင်းပရာ ကမ္ဘောဒီးယား ဝန်ကြီးချုပ် H.E. Samdech Akka Moha Sena Padei Techo HUN SEN တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Pan Sorasak က နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။ ပြည်ထောင်စုဝန်ကြီးသည် ဖွင့်ပွဲအခမ်းအနားမစတင်မီ ကမ္ဘောဒီးယား ဝန်ကြီးချုပ်က အာဆီယံစီးပွားရေးဝန်ကြီးများကို တွေ့ဆုံသည့် အခမ်းအနားသို့လည်း တက်ရောက်သည်။

ထို့နောက် (၅၄)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဆက်လက်ကျင်းပရာ (၃၆)ကြိမ်မြောက် လွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီအစည်းအဝေးကို နံနက် ၁၀ နာရီတွင် စတင်ကျင်းပသည်။ အစည်းအဝေးတွင် ဝန်ကြီးများက အာဆီယံကုန်စည် ကုန်သွယ်ရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ဆွေးနွေးပြီး ဒေသတွင်းကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေး ပိုမိုချဲ့ထွင်နိုင်ရန်အတွက် အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အဆင့်မြှင့်တင်ရေးအတွက် ကြိုတင်ပြင်ဆင်ရန် ကိစ္စရပ်များကို မှာကြားခဲ့သည်။ ထို့အပြင် အဖွဲ့ဝင်နိုင်ငံများအကြား အာဆီယံပြတင်းတစ်ပေါက်စနစ်ကို ပြည့်ပြည့်ဝဝ အသုံးချ၍ အီလက်ထရောနစ်စနစ်ဖြင့် အကောက်ခွန်သက်သာခွင့် လျှောက်ထားသည့် ပင်ရင်းသက်သေခံ လက်မှတ်များ လဲလှယ်ရေးကိစ္စများအပေါ် ဝန်ကြီးများက တိုက်တွန်းမှာကြားသည်။

**ဆွေးနွေး**

အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည်ဖော်မှုအခြေအနေ၊ နိုင်ငံအဆင့်အခွင့်ရ စီးပွားရေးလုပ်ငန်းဆောင်ရွက်သူများ အစီအစဉ်ဆောင်ရွက်နေမှုနှင့် အကောက်ခွန်ပေါင်းစည်းမှုဆိုင်ရာ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ (၂၅)ကြိမ်မြောက် ရင်းနှီးမြှုပ်နှံမှု ဒေသကောင်စီအစည်းအဝေးကို ကျင်းပရာ ဝန်ကြီးများက အာဆီယံဘက်စုံ ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး အာဆီယံရင်းနှီးမြှုပ်နှံမှုအစီရင်ခံစာ (၂၀၂၂) ထုတ်ဝေမှုအပေါ် ကြိုဆိုခဲ့ကြသည်။ ထို့ပြင် အဆင့်မြင့်စီးပွားရေးအရာရှိများက ဝန်ကြီးများထံ တင်ပြသည့် အစီရင်ခံစာနှင့် ၂၀၂၂ ခုနှစ် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲကာလတွင်းပြုလုပ်မည့် အာဆီယံရင်းနှီးမြှုပ်နှံမှုခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်မှုများအပေါ် မှတ်တမ်းတင်ခဲ့ကြပြီး အာဆီယံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကဲဖြတ်သုံးသပ်မှု အစီရင်ခံစာ (၂၀၂၂) (ASEAN Investment Peer Review Report 2022)ကို အတည်ပြုခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေစဉ်အတွင်း ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုများ ဖြေလျှော့ပေးရန် ပြင်ဆင်ဆောင်ရွက်မှုများနှင့် ကပ်ရောဂါအလွန် ဒေသတွင်း အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် စီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီတို့၏ ဆွေးနွေးပွဲတွင် အာဆီယံစီးပွားရေးဝန်ကြီးများနှင့်အတူ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးအကြံပေးကောင်စီအဖွဲ့ဝင်များ ပါဝင်တက်ရောက်ခဲ့ကြသည်။ အဆိုပါ ဆွေးနွေးပွဲတွင် အာဆီယံ စီးပွားရေးအကြံပေးကောင်စီက ၂၀၂၂ ခုနှစ်အတွင်း ပုဂ္ဂလိကကဏ္ဍက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို တင်ပြခဲ့ရာ ဝန်ကြီးများက အနာဂတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများတွင် ပုဂ္ဂလိကအခန်းကဏ္ဍက ပိုမိုပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ပြောကြားသည်။

**စေ့စပ်ညှိနှိုင်းမှုများ စတင်**

ညနေပိုင်းတွင် (၅၄)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပခဲ့ရာ ဝန်ကြီးများက ကမ္ဘောဒီးယားနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူနေသည့် ၂၀၂၂ ခုနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများ၏ အကောင်အထည်ဖော်မှုအခြေအနေများကို မှတ်တမ်းတင်ခဲ့ကြသည်။ ထို့နောက် ဝန်ကြီးများက ရေကြောင်း သယ်ယူပို့ဆောင်ရေးတွင် ကုန်သေတ္တာများသုံးစွဲရာ၌ စီမံခန့်ခွဲမှု တိုးတက်စေရေး လေ့လာမှု၏ရလဒ်များအပေါ် မူဝါဒဆိုင်ရာ အကြံပြုချက်များနှင့် လမ်းညွှန်ချက်များ ပေးခဲ့ကြသည်။ ထို့အပြင် ဝန်ကြီးများက ယှဉ်ပြိုင်မှုဆိုင်ရာ အာဆီယံမူဘောင် သဘောတူစာချုပ်အတွက် စေ့စပ်ညှိနှိုင်းမှုများ စတင်ကြောင်း ကြေညာသည်။ ပြည်ထောင်စုဝန်ကြီးက ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများ အကောင်အထည်ဖော်မှုအပေါ် မြန်မာနိုင်ငံက ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးသည်။

စက်တင်ဘာ ၁၃ ရက် ညပိုင်းတွင်လည်း အာဆီယံစီးပွားရေးဝန်ကြီးများ၏ အလုပ်သဘောညစာစားပွဲကို ကျင်းပခဲ့ပြီး နိုင်ငံအလိုက် ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ဆောင်ရွက်လျက်ရှိသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် အာဆီယံဘက်စုံ ပြန်လည်ထူထောင်ရေး မူဘောင် အကောင်အထည်ဖော်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးများတွင် ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Pan Sorasak၊ ဝန်ကြီးချုပ်ရုံးတွဲဖက်ဝန်ကြီးနှင့် ဖွံ့ဖြိုးမှုကောင်စီအတွင်းရေးမှူးချုပ် H.E. Sok Chenda Sophea၊ ဝန်ကြီးချုပ်ရုံးတွဲဖက်ဝန်ကြီးနှင့် စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E Vongsey Vissoth တို့က သဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံ လွတ်လပ်သောကုန်သွယ်မှုဒေသကောင်စီဝန်ကြီးများ၊ အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသကောင်စီ ဝန်ကြီးများ၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများ၊ အာဆီယံ စီးပွားရေးအကြံပေးကောင်စီအဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်း၊ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာမာလာမျိုးညွန့်နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ရှိ မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

(၅၄)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများကို စက်တင်ဘာ ၁၈ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

☆ **ရှေ့ဖုံးမှ**

ထို့နောက် မြို့ပြအင်္ဂါရပ်နှင့်အညီ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် လမ်းဒီဇိုင်းစံနှုန်းများကို စနစ်တကျ ပြုပြင်ထိန်းသိမ်းခြင်း၊ လမ်းညွှန်ဆိုင်းဘုတ်၊ အချက်ပြမီးပွိုင့်စနစ်များကို CCTV Camera ဖြင့် ထိန်းသိမ်းထားခြင်း၊ ယာဉ်ရပ်နားနေရာများတွင် ဆေးရောင်များဖြင့် ခွဲခြားထားပြီး ထင်ရှားစွာပြုလုပ်ထားခြင်း၊လူသွားစင်္ကြံများ လုံခြုံမှုရှိစေရန် စနစ်တကျ ဆောင်ရွက်ထားခြင်း၊ ယာဉ်သွားလမ်းများ ရေကြီးရေလျှံမဖြစ်စေရန် ရေမြောင်းနှင့် မြစ်ထွက်ပေါက်နေရာများတွင် အမှိုက်နှင့်နုန်းများ ရှင်းလင်းပြုပြင်ထိန်းသိမ်းခြင်း၊ မြို့ပြလေထုညစ်ညမ်းမှု ဆိုးကျိုးများ မဖြစ်စေရန် နှစ်ရှည်ပင်များ ဖြည့်စွက်စိုက်ပျိုးခြင်း၊ လမ်းဘေးဝဲယာရှိ အမြင်မတင့်တယ်သောနေရာများတွင် ရေတိုက်စားမှုသက်သာစေရန်နှင့် မြေအောက်ရေအရင်းအမြစ်များ ပြန်လည်ရရှိစေရန်၊ အစိမ်းရောင်မြက်ရှုခင်း၊ အပင်များစိုက်ပျိုးပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ထားသည်။

ပြည်လမ်းကိုဖြတ်ကူးသူများ လမ်းလုံခြုံမှုရှိစေရန် လူကူးမျဉ်းကြားနေရာများတွင် အစိမ်းရောင်အချက်ပြမီး၊ ဒစ်ဂျစ်တယ်တေးဂီတတီးလုံးနှင့်အတူ အေးချမ်းစွာ လမ်းဖြတ်ကူးနိုင်ရန် စနစ်သစ်ကိုလည်း တိုးချဲ့တပ်ဆင်ပေးထားပြီး ပူပြင်းနွေရာသီတွင် မြက်ခင်းနှင့်အပင်များ ညှိုးနွမ်းမှုမရှိစေရန် အလိုအလျောက်ရေဖျန်းစနစ်အပြင် ရေပိုက်လိုင်း၊ အရေးပေါ် မီးသတ်ရေငုတ်တို့ကိုလည်း တိုးချဲ့ဆက်သွယ်ပေးထားသည်။

ထို့ပြင် လမ်းဘေးဝဲယာရှိ အများပိုင်၊ ဌာနပိုင်၊ ပုဂ္ဂလိကပိုင်၊ ခြံစည်းရိုးအနီးရှိ မြေလွတ်နေရာများတွင် အစိမ်းရောင်မြက်ခင်းနှင့်ခြံစည်းရိုးကာအပင်များကို လှပစွာ စိုက်ပျိုးပေးခြင်းအပြင် လမ်းသန့်ရှင်းရေးလုပ်ငန်းများကိုအဖွဲ့ခွဲ၍ အထူးဆောင်ရွက်လျက်ရှိကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူ၏ ရှင်းလင်းမှုအရ သိရသည်။

အဆိုပါ ပြည်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် မြေအောက်ဆက်သွယ်ရေး ကေဘယ်လ်ကြိုးများနှင့် မြေပေါ်ရှိ ဆက်သွယ်ရေးတိုင်များ စနစ်တကျရှိစေရေး၊ အသုံးမပြုပျက်စီးနေသော ဖုန်းတိုင်များအား စနစ်တကျဖယ်ရှားပြီး ဝိုင်ဖိုင်ကြိုးများ၊ ဖုန်းကြိုးနှင့် လျှပ်စစ်ကြိုးများ ခွဲခြားသိရှိနိုင်ရန် ပြုလုပ်ထားခြင်း၊ လမ်းဘေးရှိ ဆက်သွယ်ရေးထိန်းချုပ် Control Box နှင့်ဆက်သွယ်ရေးစခန်းရုံးများ လုံခြုံမှုရှိစေရန် ဆောင်ရွက်ထားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးအဖွဲ့အနေဖြင့် သစ်ပင်များ အုံ့ဆိုင်းနေမှုကြောင့် လမ်းပေါ်သို့ မီးအလင်းရောင်မရောက်သဖြင့် ယာဉ်လမ်းအန္တရာယ်မတော်တဆမှုနှင့် ယာဉ်တိုက်မှုမကြာခဏဖြစ်ရခြင်းများ လျော့နည်းသက်သာစေရန် လမ်းလယ်နေရာများတွင် လျှပ်စစ်မီးတိုင်များ စိုက်ထူထွန်းညှိပေးရခြင်းဖြစ်ကြောင်း သိရသည်။

ပြည်လမ်းတစ်လျှောက်လမ်း လယ်လျှပ်စစ်ဓာတ်တိုင်များစိုက်ထူခြင်းများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် သုံးစွဲခဲ့ပြီး မြို့ပြ၏စီးပွားရေးအရ အရေးပါသောလမ်းများကိုလည်း ဆက်လက်စိုက်ထူပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ - စောရွှေဂွန်း**

---

## (၅၈)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**ဖြူး စက်တင်ဘာ ၁၄**

(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့ ဖြူးအမြန်လမ်းမကြီးရဲစခန်းမှ ရဲတပ်ဖွဲ့ဝင် ၁၀ ဦးသည် ယနေ့မွန်းလွဲပိုင်းက ဖြူးမြို့နယ်ပြည်သူ့ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းခဲ့ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအာကာ၊ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့စုမှူး နေပြည်တော်မှ ရဲမှူးသိန်းဝင်း၊ ဖြူးအမြန်လမ်းမကြီးရဲစခန်း စခန်းမှူး ဒုရဲမှူး လှိုင်ဇော်ဦးတို့က သွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များကို ကြည့်ရှုအားပေး၍ အာဟာရဖြည့်အစားအစာများ ပေးအပ်သည်။

**ကိုလွင်(ဆွာ)**



# နိုင်ငံတော်မှ စားအုန်းဆီသွင်းကုန် အစားထိုးနိုင်ရန် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေး မူဝါဒများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၄

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဖြူတ်ခွဲကျေးရွာအုပ်စု ကျေးရွာကိုးရွာ၊ အိမ်ထောင်စု ၁၃၅၁ စု၊ စိုက်ဧကပေါင်း ၁၇၁၀ ဒသမ ၀၉ ဧကမှ သမဝါယမအသင်းသားတောင်သူများ စိုက်ပျိုးသည့် ဆီထွက်သီးနှံများနှင့် ကျောက်စိမ်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသား ၅၄ ဦး၊ အသင်းသားပိုင် စိုက်ပျိုးဧက ၂၀၂ ဒသမ ၅ ဧကအနက် စိုက်ဧက ၆၈ ဧကမှ စိုက်ပျိုးထွက်ရှိသော ဆီထွက်သီးနှံများအား အသင်းပိုင် ဆီကြိတ်ခွဲစက်ဖြင့် ကြိတ်ခွဲပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ လုပ်ငန်းဆောင်ရွက်နေမှုများကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ မွန်းလွဲပိုင်းက ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်မှ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေး မူဝါဒများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ စားအုန်းဆီသွင်းကုန် အစားထိုးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စဉ်ဆက်မပြတ်လည်ပတ်နိုင်ရေးအတွက် လိုအပ်သော အဓိကကုန်ကြမ်းများဖြစ်သည့် နေကြာ၊ ပဲ၊ နှမ်း ရရှိရေး ဆီထွက်သီးနှံစိုက်တောင်သူများနှင့်ချိတ်ဆက်၍ အကျိုးတူလယ်ယာစနစ် (Contract Farming) ဖြင့် ဆောင်ရွက်ကြရန်၊ ဆီကြိတ်ခွဲစက် မှတ်ပုံတင်ရရှိရေး၊ အရည်အသွေးစစ်ဆေးရေးတို့အတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊ သမဝါယမအသင်းသားများ၏ အစုပေါ်အမြတ်ငွေများ တိုးပွားရရှိနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်၊ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုများကို သမဝါယမအသင်းများက ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူများနှင့် ပူးပေါင်းပြီး အောင်မြင်အောင် ဆောင်ရွက်ကြရန်၊ ကျေးရွာအုပ်စုအတွင်း မြေပဲ၊ နေကြာ၊ နှမ်းစသည့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးကြရန်၊ အခြားကျေးရွာအုပ်စုများကပါ လာရောက်ကြိတ်ခွဲနိုင်ရေး အသိပေးဆောင်ရွက်သွားရန်နှင့် လိုအပ်သည့် ပံ့ပိုးမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကူညီဆောင်ရွက်ပေးသွားမည်ဟု မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်းနှင်အားဖြစ်သည့်အတွက် အားလုံးအကျိုးခံစားရသော ကုန်သွယ်မှုဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဝန်ကြီးဌာန၏ မျှော်မှန်းချက်အဖြစ် ထားရှိဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၄

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်များကို ဝန်ထမ်းများသို့ ထပ်ဆင့်ရှင်းလင်းခြင်းကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၌ ကျင်းပသည်။

**ထပ်ဆင့်ရှင်းလင်း**

ဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက လမ်းညွှန်မှာကြားချက်များကို ဝန်ထမ်းများသို့ ထပ်ဆင့်ရှင်းလင်းပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံဖွံ့ဖြိုး



တိုးတက်ရေးအတွက် မောင်းနှင်အား(Engine of Growth) ဖြစ်သည့်အတွက် အားလုံးအကျိုးခံစားရသော ကုန်သွယ်မှုဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး (Inclusive trade for national development)ကို ဝန်ကြီးဌာန၏ မျှော်မှန်းချက်အဖြစ် ထားရှိပြီး ဆောင်ရွက်ရေးနှင့် ယင်းမျှော်မှန်းချက်နှင့်အညီ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ ချမှတ်ရေး၊ မြန်မာ့ထုတ်ကုန်များ အရည်အသွေး ပိုမိုကောင်းမွန်ရေးနှင့် အရေအတွက် တိုးမြှင့်တင်ပို့နိုင်ရေး၊ ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီပြီး ရှင်းလင်းလွယ်ကူမှုရှိစေရေးနှင့် မိမိနိုင်ငံ၏ အကျိုးစီးပွားကို ကာကွယ်ပြီး ဈေးကွက်များ ပိုမိုရရှိရေး၊ ကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်ဆက်ဆံမှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်ရေး တို့ကို ဆွေးနွေးမှာကြားသည်။

**တင်ပြဆွေးနွေး**

ထို့နောက် ဒုတိယဝန်ကြီး ဦးညွန့်အောင်က လက်ရှိကုန်သွယ်မှုအခြေအနေများ၊ မိမိတို့ဝန်ကြီးဌာနမှ ပါဝင်ဆောင်ရွက်နေသည့် လုပ်ငန်းကော်မတီများနှင့် ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လည်းကောင်း တင်ပြဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

**သတင်းစဉ်**

■

# မော်လမြိုင်မြို့နယ် သမဝါယမ အသင်းစုလီမိတက်က နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

မော်လမြိုင် စက်တင်ဘာ ၁၄

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် သမဝါယမ အသင်းစုလီမိတက်၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁-၂၀၂၂ Mini Budget တို့အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို အသင်းစုရုံးခန်း၌ ယနေ့ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ဥက္ကဋ္ဌ ဦးတင်ထွန်းက ဆောင်ရွက်ပြီး သဘာပတိနှင့် ပြည်နယ်သမဝါယမဦးစီးမှူးက အမှာစကား ပြောကြားသည်။ ဆက်လက်ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁-၂၀၂၂ ခြောက်လတာ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့လုပ်ငန်းအစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများအား ဖတ်ကြားရှင်းလင်းပြီး ဆွေးနွေးသဘောတူညီချက် ရယူကာ အတည်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေနှင့်ငွေကြေးဈေးကွက် တည်ငြိမ်ခိုင်မာစေရေး တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၄

ရွှေနှင့်ငွေကြေးဈေးကွက် တည်ငြိမ်ခိုင်မာစေရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေး လုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဇမ္ဗူသီရိခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

**ဆွေးနွေးပြောကြား**

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ရွှေနှင့်ငွေကြေးဈေးကွက် တည်ငြိမ်ခိုင်မာစေရေးအတွက် သက်ဆိုင်ရာဌာနအသီးသီးက ဆက်လက်ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်များ၊ ရွှေတုံး၊ ရွှေခဲ အရောင်းအဝယ် ဆောင်ရွက်သည့်အခါ ဘဏ်စနစ်ဖြင့်သာ ပေးချေနိုင်ရန်အတွက် ဘဏ်များက ပံ့ပိုးပေးမည့်အစီအမံများ၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့က ရွှေနှင့်ငွေကြေးဈေးကွက် တည်ငြိမ်စေရေးအတွက် ဆက်လက်ပံ့ပိုးပေးမည့် အစီအစဉ်များ၊ ရွှေလုပ်ငန်းရှင်များက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆက်လက်



ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသော ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ဆပ်ကော်မတီအသီးသီး၏ ဥက္ကဋ္ဌများဖြစ်ကြသော ဌာနဆိုင်ရာညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကို ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ ငြိမ်းချမ်းရေးဆွေးနွေးရန် နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးတို့အတွက် ရည်ရွယ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ချက်အရ ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်- ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)မှ စစ်ဦးစီးချုပ် စောစတီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ကရင်ပြည်နယ် ဘားအံမြို့မှ နေပြည်တော် Horizon Lake View Hotel သို့ ယနေ့မွန်းလွဲပိုင်းတွင် မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာ ဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကို လိုလားသည့် ဒေသခံပြည်သူများက **ထာဝရငြိမ်းချမ်းရေး ရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရ**စသည့် စာသားပါဆိုင်းဘုတ်များ ကိုင်ဆောင်၍လည်းကောင်း၊ နိုင်ငံတော် အလံငယ်များကိုင်ဆောင်၍ လည်းကောင်း ကြိုဆိုခဲ့ကြသည်။



ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်- ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြစဉ်။

အဆိုပါ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့များနှင့် ပထမအကြိမ် တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့ရာတွင် ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်- ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် ၂၀၂၂ ခုနှစ် မေ ၂၆ ရက်မှ ၂၈ ရက်အထိလည်းကောင်း၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် ဇွန် ၁၉ ရက်မှ ၂၁ ရက်အထိ လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းကြရန် သဘောတူညီနိုင်ခဲ့ကြသည်။

ယခု ဒုတိယအကြိမ် လာရောက်ဆွေးနွေးရာတွင်လည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ နိုင်ငံရေးလိုလားချက်နှင့် အနာဂတ်လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းရန် လမ်းဖွင့်ထားကြောင်း၊ ဆက်လက်၍ ပထမအကြိမ် တွေ့ဆုံဆွေးနွေးခဲ့သည့် ကျန်တိုင်းရင်းသားကိုယ်စားလှယ်အဖွဲ့များလည်း လာရောက်တွေ့ဆုံဆွေးနွေးရန်ရှိကြောင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ မလာရောက်သေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုလည်း မည်သည့်အခြေအနေမျိုးတွင်မဆို ကြိုတင်ကန့်သတ်ချက်မထားဘဲ လာရောက်ဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

**သတင်းစဉ်**



ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)မှ စစ်ဦးစီးချုပ် စောစတီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြစဉ်။

# ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDPs စခန်း၌ စာဖတ်ရှိန်မြင့်မားရေး အသိပညာပေး

**ကျောက်ဖြူ စက်တင်ဘာ ၁၄**

ရခိုင်ပြည်နယ် ကျောက်တစ်လုံး IDPs စခန်းရှိ အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် တက်ရောက်ပညာသင်ယူနေသည့် ကျောင်းသားကျောင်းသူများအား စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိလာစေရန်ရည်ရွယ်၍ ယမန်နေ့ မွန်းလွဲပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ကျင်းပဆောင်ရွက်ခဲ့သည်။

ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ အငယ်တန်းစာရေး ဒေါ်ခင်ဝတ်ရည်နှင်းက ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာများကိုသာမက အားလပ်ချိန်များတွင် ပြင်ပမှ ဗဟုသုတရရှိမည့် သုတ၊ ရသစာပေများကိုလည်း လေ့လာဖတ်ရှုကြစေလိုကြောင်း အသိပညာပေး ဟောပြောသည်။

ထို့နောက် ကျန်းမာရေးအသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသ၊ ရုပ်ပြ၊ မဂ္ဂဇင်း၊ ဂျာနယ်များကို ခင်းကျင်းပြသထားရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**



# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၄**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမနှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ နယ်မြေခံတပ်ရင်းခန်းမတို့၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားများကို ပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်အတွင်းမှ PDF အဖွဲ့ဝင် အမျိုးသား ၁၄ ဦးနှင့် ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်နှင့် အုတ်ဖိုမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား လေးဦးနှင့် အမျိုးသမီး နှစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက် ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။



ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်အတွင်းမှ PDF အဖွဲ့ဝင်များအား ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံပေးစဉ်။

**သတင်းစဉ်**

# မဝေးသည့်ခရီး နီးသည်ထက် နီးစေ

ဝဏ္ဏ(TGI)

၂၀၂၂ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့ ရာသီဥတု သာယာလျက်ရှိသည်။ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ရောက်ရှိ တည်းခိုလျက်ရှိသည့် Far Federal University (FEFU) ၏ ဧည့်ခန်းတစ်ခုအတွင်း သတင်းဌာနကြီးနှစ်ခုမှ ဝန်ထမ်းများ အပြေးအလွှားပင် အလုပ်များနေသည်။ Rossiya Segodnya သတင်းအေဂျင်စီ၊ RIA သတင်းဌာနဟူသော နာမည်ကြီးမီဒီယာများပီပီ တစ်ခဏအတွင်း လိုအပ်သည့် ပြင်ဆင်မှုများပြီးသည်။ ချိန်းဆိုထားသည့်အချိန်၊ ချိန်းဆိုထားသည့်နေရာသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ရောက်ရှိစဉ်တွင် သူတို့ ၏ တွေ့ဆုံမေးမြန်းမှုကို စသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အကြံပေးနှင့် ဖိုရမ်ဖြစ်မြောက်ရေးကော်မတီအထူးအတွင်းရေးမှူး Mr. Anton Kobyakov နှင့် တွေ့ဆုံဆွေးနွေးစဉ်။

## ပစိဖိတ်ဒေသလုံခြုံရေးဆိုင်ရာ

မီဒီယာများ၏ အမေးစကားအစသည် အာရှ-ပစိဖိတ်ဒေသလုံခြုံရေးဆိုင်ရာ သဘောထားအမြင်ကို ဖြေကြားပေးရန်ဖြင့် စသည်။ မြန်မာဟူသော နိုင်ငံအဆင့်မျှကိုသာ စူးစိုက်နေသည်ဟု မြင်လေသည်လား။ သို့တည်းမဟုတ် ကမ္ဘာ့နိုင်ငံရေး၊ ကာကွယ်ရေးအခြေအနေတို့ကို လျစ်လျူရှုနေသည်ဟု ထင်လေသည်လားမသိရ။ အကြီးအကဲ၏ အဖြေစကားကို သူတို့ ငံ့လင့်စွာစောင့်သည်။ အကြီးအကဲက နိုင်ငံတစ်နိုင်ငံတည်းသာမဟုတ်၊ ကမ္ဘာ့နိုင်ငံရေး၊ ကာကွယ်ရေးစသည်တို့အပြင် စီးပွားရေးနယ်ပယ်အရ ဆက်စပ်နေမှုများကို အကျယ်တဝင့်ဆိုသလို သုံးသပ်ချက်များနှင့်တကွပြန်ဖြေသည်။ မြင်ထောင့်တူခြင်း၊ မတူခြင်းသည် ပဓာနမကျ။ မှန်ကန်သည့် သုံးသပ်ချက်သာ ပဓာနကျသည်ကို မီဒီယာများ သဘောပေါက်သည်။ နောက်ဆက်တွဲသော မေးခွန်းပေါ်မလာ။

အာရှ-ပစိဖိတ်အရေးအပြီးတွင် မေးခွန်းများက မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စများဘက်သို့ လှည့်သည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲလာမှုအခြေအနေ၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို မေးသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်အဖြစ် Road Map ငါးရပ်ကို ရေးဆွဲ၍ ဆောင်ရွက်နေသည်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး စသည့်နယ်ပယ်များအလိုက် ဦးတည်ချက် ကိုးရပ်ချမှတ်၍ ကြိုးပမ်းထမ်းဆောင်နေသည်။ နေ့မနား၊ ညမအားဆိုသည့်စကားစုဖြင့် အထူးပြုနိုင်သည်အထိ ကြိုးပမ်းနေသည်။ အကြီးအကဲအနေဖြင့် ဤကိစ္စအရေးအရာများအတွက် ဆောင်ရွက်နေမှုများကို သိသူသိ၍၊ မသိအောင်လုပ်သူကလုပ်နေဆဲသာဖြစ်သည်။ မြင်သူမြင်၍ မမြင်အောင် တားဆီးပိတ်ဆို့မှုလုပ်သူကလည်း လုပ်နေဆဲသာဖြစ်၏။ ကလောင်ကိုလက်နက်သဖွယ် အသုံးချနေသည့် ဩဇာခံမီဒီယာများကြားတွင် ဆောင်ရွက်ချက်များက ထင်ရှားပေါ်လွင်လာခြင်းသို့ မရောက်ခဲ့။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rossiya Segodnya သတင်းအေဂျင်စီ RIA သတင်းဌာန၏ တွေ့ဆုံမေးမြန်းမှုများအား လက်ခံဖြေကြားစဉ်။

## ကမ္ဘာသို့ပင်သိအောင်

ယခု သတင်းဌာနများ၏ အမေးစကားမှတစ်ဆင့် ကမ္ဘာသို့ပင်သိအောင် အကြီးအကဲကရှင်းလင်း ပြောဆိုသည်။ ရည်မှန်းချက်၊ ရည်ရွယ်ချက်များဖြင့် ကြိုးပမ်းဆောင်ရွက်နေမှုများမှာ တွေးထင်သုံးသပ်ချက်၊ စည်းဝေးတိုင်ပင်၍ ရလာသည့်ဆုံးဖြတ်ချက်၊ ကာယကံမြောက် အကောင်အထည်ဖော်ဆောင်ရွက်မှု စသည့် အရှိတရားများဖြစ်သည့်အတွက် ဖြေဆိုရန်စကားကမခက်ခဲ့။ ကမ္ဘာက မသိသည့်ကိစ္စရပ်များ၊ မသိအောင် ပိတ်ဆို့ခံထားရသည့်အကြောင်းအရာများကြားတွင် ယခုမေးခွန်းများအရ ကမ္ဘာကသိခွင့်ရသည်။ အမှားကြာ အမှန်ဖြစ်သည်ဟူသော အခြေအနေကို အမှားကအမှားသာဖြစ်၍ အမှန်သည် ဤသည့်အချက်အလက်များသာဟု ဖွင့်ဟပြနိုင်ခြင်းဟု ဆိုနိုင်သည်။

အာဆီယံပဋိညာဉ်စာတမ်းပါ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ အမေးစကားများတွင်လည်း မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို ပြတ်ပြတ်သားသားဖြေကြားသည်။ ထီးမိုးပေးခြင်းသည် ရာသီဥတုဒဏ်အတွက် ကာကွယ်ပေးခြင်းဖြစ်သော်လည်း အခြားသောတစ်ဖက်တွင် လောင်းရိပ်မိတတ်သည့် သဘောကိုလည်း စောင်းပါးရိပ်ခြည်ဖြင့် ထည့်ပြောသည်။ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မာနိုင်ငံမှ လေးစားလိုက်နာ ဆောင်ရွက်နေမှုများအတွက် မြန်မာသည် အမှားအယွင်းမရှိ၊ စည်းကမ်းဘောင်အတွင်းသာရှိပြီး ဆောင်ရွက်နေသည်ကိုလည်း အဖြေစကားတွင် ထည့်သွင်းဖြေကြားသည်။ လေးစားလိုက်နာနေသည့် အကြောင်းခြင်းရာများအတွင်း မြန်မာတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေများအပေါ် တိကျစွာလိုက်နာဆောင်ရွက်နေမှုများကိုလည်း ကျန်နေခြင်းမရှိ။ No Man Above The Law ဟူသော စကားကိုညွှန်းရင်းဖြေဆိုသည်။ အမေးစကားတို တောင်းသည်။ အဖြေစကားကို ပြည့်စုံခြင်းသို့ ဦးတည်သည်သည်မို့ အချိန်တစ်ခုမျှကြာသည်။ အပိုအလိုဟူ၍တော့မရှိ။ ထောင့်စေ့သည်ဟုပင် ညွှန်းဆိုနိုင်သည့် အဖြေစကားဖြစ်သည်။

## အထင်းသားမြင်နိုင်

ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံစစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ဆောင်ရွက်နိုင်မှု အခြေအနေများကို မေးမြန်းရာတွင်လည်း အယူအကောက်လွဲစေနိုင်သည့် အမေးအချို့ပါသည်။ နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်နေမှု၊ ဆက်လက်၍ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများကို ဖြေကြားမှုတွင် အကြီးအကဲသည် တက်တက်ကြွကြွပင်ရှိသည်။ ဖြေကြားချက်တွင် အကြီးအကဲ၏ဖွဲ့စည်းပုံအခြေခံဥပဒေ အပေါ် လေးစားလိုက်နာမှုကိုလည်း အထင်းသားမြင်နိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပေးထားချက်ကို ကျော်လွန်စေမှု အလျှင်းမျှမရှိ။ အမျိုးသားအကျိုးစီးပွားကိုသာ ရှေးရှုသည်ကို သတိပြုမိသည်။ မီဒီယာများ၏ မေးမြန်းမှုအပေါ် အလေးအနက်ထား၍ ပြည့်စုံစွာ ဖြေကြားမှုသည် အချိန်ကာလတစ်ခုသို့တိုင်သည် အထိကြာသည်။

စာမျက်နှာ ၇ သို့ ❖

ရည်မှန်းချက်၊ ရည်ရွယ်ချက်များဖြင့် ကြိုးပမ်းဆောင်ရွက်နေမှုများမှာ တွေးထင်သုံးသပ်ချက်၊ စည်းဝေးတိုင်ပင်၍ ရလာသည့်ဆုံးဖြတ်ချက်၊ ကာယကံမြောက် အကောင်အထည်ဖော်ဆောင်ရွက်မှု စသည့်အရှိတရားများဖြစ်သည့်အတွက် ဖြေဆိုရန်စကားကမခက်ခဲ့။ ကမ္ဘာကမသိသည့်ကိစ္စရပ်များ၊ မသိအောင် ပိတ်ဆို့ခံထားရသည့်အကြောင်းအရာများကြားတွင် ယခုမေးခွန်းများအရ ကမ္ဘာကသိခွင့်ရသည်။ အမှားကြာ အမှန်ဖြစ်သည်ဟူသော အခြေအနေကို အမှားကအမှားသာဖြစ်၍ အမှန်သည် ဤသည့်အချက်အလက်များသာဟု ဖွင့်ဟပြနိုင်ခြင်းဟုဆိုနိုင်

❖ စာမျက်နှာ ၆ မှ

မီဒီယာများ၏ မေးမြန်းချက်ကို ဖြေကြားပြီးစဉ်တွင် အကြီးအကဲအတွက် နားနေချိန်အဖြစ်မပါရှိ။ ရောက်ရှိနေသည့်အချိန်အတွင်း အမိမြန်မာနိုင်ငံအတွက် လေ့လာသင့်သည်ကိုလေ့လာ၊ ဆွေးနွေးသင့်သည်ကို ဆွေးနွေး၊ မေးမြန်းစူးစမ်းသင့်သည်ကို မေးမြန်းစူးစမ်းရန်ပြင်ဆင်ရသည်။ Far Eastern Federal University(FEFU) အတွင်း စက်တင်ဘာ ၅ ရက်က ဖွင့်လှစ်ခဲ့သည့် (၇)ကြိမ်မြောက်အရှေ့ဖျား စီးပွားရေးဖိုရမ် (The 7th Eastern Economic Forum-2022) သို့သွားရောက်လေ့လာခြင်းကို ဆောင်ရွက်သည်။

### ရှင်းလင်းတင်ပြ

Forum အတွင်း ဦးစွာရောက်ရှိသည်က RZD Russian Railways ကုမ္ပဏီဖြစ်သည်။ ပြခန်းမှတာဝန်ရှိသူများက ကြိုဆိုပြီးနောက် မီးရထားလမ်းကြောင်းများနှင့်ပတ်သက်သည့် နည်းပညာရပ်များ၊ ဝန်ဆောင်မှုပေးနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ မိမိတို့နိုင်ငံအတွက်ဆိုလျှင် ဘာတွေလိုအပ်မည်လဲဟု တွေးလေ့ရှိသူပီပီ အကြီးအကဲထံတွင် မေးခွန်းများက မနည်းလှ။ ပြခန်းတာဝန်ရှိသူများကလည်း စိတ်ရှည်လက်ရှည်ဖြင့် ရှင်းလင်းတင်ပြသည်။ RZD Russian Railways ပြခန်းအပြီးတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး Rus Hydro Hydroelectric Power Generation Company ပြခန်းကို ရောက်ရှိလေ့လာသည်။ လူတို့၏ စား၊ ဝတ်၊ နေရေးဟူသော အဓိကအရေးအရာများအတွက် လျှပ်စစ်သည် မရှိမဖြစ်လိုအပ်သည့် ခေတ်ကာလတွင် လျှပ်စစ်ဓာတ်အား ထုတ်ယူရေးသည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Eastern Economic Forum-2022 ရှိ Exhibition အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရုရှားနိုင်ငံပိုင် အဏုမြူကော်ပိုရေးရှင်း Rosatom State Corporations မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

နျူကလီးယားစွမ်းအင်၊ လောင်စာဆီသုံးစွမ်းအင်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် စသည့်နည်းလမ်းများစွာဖြင့် လျှပ်စစ်ဓာတ်အားကို ထုတ်ယူနိုင်ရာ နိုင်ငံတော်နှင့် ပြည်သူ ပြည်သားများ ထိခိုက်မှုအနည်းဆုံးနှင့် လုံလောက်စွာရရှိသုံးစွဲနိုင်ရေး ဈေးနှုန်းသက်သာစွာဖြင့် ထုတ်ယူရရှိရေးတို့မှာ အရေးကြီးလှသည်။ များပြားလှစွာသော ထုတ်ယူမှုစနစ်၊ သဘာဝပတ်ဝန်းကျင်ရရှိနိုင်မည့် စွမ်းအား၊ ကုန်ကျမည့်စရိတ် စသည်တို့အတွက် အကြီးအကဲ၏ မေးမြန်းစူးစမ်းမှုသည် ဤနေရာတွင်လည်း မနည်းလှ။ သဘာဝကပေးအပ်ထားသည့် တော၊ တောင်၊ ရေ၊ မြေနှင့်ရာသီဥတုတို့အပေါ်မူတည်၍ ဆောင်ရွက်နိုင်မည့် အခြေအနေကို သုံးသပ်မေးမြန်းခြင်းဟု သဘောပေါက်မိသည်။

ဆက်လက်လေ့လာမှုတွင် ငွေကြေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ VEBRF Invstment Company ပြခန်းနှင့် သို့သော် စွမ်းအားပြည့်ပြည့်ဝဝ မထုတ်ယူနိုင်သေး။ အကျိုးလို၍ ညောင်ရေသွန်းလိုသူအချို့ ရှိသလို မကောင်းကြံသည့်စိတ်ဖြင့် ပိတ်ဆို့နေသူတွေက အဓိကကျသည်။ တိုးတက်လာသည့် နည်းပညာအရ ဆောင်ရွက်နိုင်သည့် အခြေအနေရှိသည့်တိုင် လှမ်းကိုင်နိုင်မှုကို တားဆီးနေသူတွေရှိသည်။ ထိုထိုသောအကြောင်းအရာများကြားမှာအကြီးအကဲကမူ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားအတွက် နည်းလမ်းတွေရှာနေသည်။ ရောက်လေရာခရီးစဉ်တိုင်းလိုလို လျှပ်စစ်ရရှိရေး အလေးပေးဆွေးနွေးမေးမြန်းနေသည်ကို သတိပြုမိသည်။

### စိတ်ပါဝင်စားမှုကလျော့ကျသွားမှုမရှိ

ငွေကြေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြခန်းနှင့် Aeroflot Airline ပြခန်းများတွင်လည်း အကြီးအကဲ၏ စိတ်ပါဝင်စားမှုက လျော့ကျသွားမှုမရှိ။ စိုက်ပျိုးရေးကိုအခြေခံသည်ဟု အများကသိမှတ်ထားသည့် Aeroflot Airline ပြန်းတို့ကို ရောက်ရှိလေ့လာသည်။ ပြခန်းများအလိုက် ပြခန်းတာဝန်ခံများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။ အမိမြန်မာနိုင်ငံတွင် မြစ်ကြီးလေးသွယ်၊ မြစ်ငယ်များစွာ စီးဆင်းနေသည်။ နေ၏အလင်းရောင်အား ရာသီမရွေးရရှိနေသည့် နေရာများစွာ ရှိနေသည်။ သဘာဝတရားက ပေးအပ်ထားသည့် ဓာတ်ငွေ့သိုက်များကလည်း မနည်းလှ။ လိုအပ်သည့်နေရာများစွာရှိသည်။ လိုအပ်သည့် လျှပ်စစ်စွမ်းအင်အတွက် လုံလောက်ရုံမက ပိုလျှံအောင် ထုတ်လုပ်နိုင်သည်အထိ ပေါကြွယ်ဝလှသည်။ တိုင် မြန်မာနိုင်ငံတွင်းမှာ အခြားစီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းတွေများပြားစွာရှိသည်။ သဘာဝသယံဇာတကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်သလို လူ့စွမ်းအားအရင်းအမြစ်ကို အခြေခံဆောင်ရွက်နိုင်သည့် စီးပွားရေးလုပ်ငန်းများလည်း မနည်းလှချေ။ ဆက်စပ်နေသည့် ကုန်စည်သယ်ယူပို့ဆောင်ရေးအတွက်သာမက သဘာဝခရီးသွားလုပ်ငန်း အပါအဝင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ များပြားစွာရှိနေသည့် မြန်မာနိုင်ငံအဖို့ လေကြောင်းခရီးစဉ်များပြေးဆွဲနိုင်မှုကလည်း အခွင့်အလမ်းများလှသည်။ အကြီးအကဲက ကုမ္ပဏီများအလိုက် မေးသင့်သည်များကိုမေး၍ ဖိတ်သင့်သည်များကိုဖိတ်သည်။ ကမ်းလှမ်းသင့်သည်များကို ကမ်းလှမ်းသည်။ အမိမြန်မာနိုင်ငံအတွက် ဇယ်စက်သလို လှုပ်ရှားပြောဆိုနေမှုများမှာ ပင်ပန်းသည်ဟု အကြီးအကဲ မမြင်မိ။

မွန်းလွဲပိုင်းမှာ မြန်မာနိုင်ငံအတွက် ခြေလှမ်းသစ်တစ်ခုကို စလှမ်းသည်။ ဤခြေလှမ်းကို လျှောက်လှမ်းနိုင်ရေးအတွက် ပညာတော်သင်များ စေလွှတ်၍ ပြင်ဆင်ထားခဲ့သည်မှာ ဆယ်စုနှစ်ပင် နှစ်ခုမျှကျော်လာပြီဖြစ်သည်။ ယခုပြင်ဆင်ချိန်ကာလကို စတင်ကျော်ဖြတ်ပြီးဟု မှတ်တမ်းတင်ရမည်ကိစ္စမှာ နျူကလီးယားစွမ်းအင်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးအတွက် စတင်ဆွေးနွေးခြင်းဖြစ်သည်။ မြန်မာဘက်တွင် နိုင်ငံ၏အကြီးအကဲကိုယ်တိုင် ဦးဆောင်၍ ရုရှားနိုင်ငံပိုင် အဏုမြူကော်ပိုရေးရှင်း Rosatom State Corporations ဘက်တွင် အမှုဆောင်အရာရှိချုပ် Mr. Alexey Evgenievich Likhachv က ဦးဆောင်သည်။

### အသက်ဝင်လွန်းလှ

ကြီးမားကျယ်ပြန့်လှသည့် စီမံကိန်းဖြစ်သည်မို့ ဆွေးနွေးမှုများကလည်း အသက်ဝင်လွန်းလှသည်။ နျူကလီးယားစွမ်းအင်နှင့်ပတ်သက်၍ အတွေ့အကြုံနှင့် နည်းပညာများ လေ့လာခွင့်ရရှိနိုင်မည့်အခြေအနေ၊ နှစ်နိုင်ငံပြည်သူလူထုအကျိုးရှိစေမည့်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို စတင်ဆွေးနွေးကြသည်။ ကိုယ်စီသောနိုင်ငံအလိုက် ပြည်သူကိုရှေးရှုသော ဆွေးနွေးမှုများဖြစ်သည့်အတွက် နှစ်ဖက်ဆွေးနွေးမှုမှာ အပြုံးပန်းများဝေသည်။ နျူကလီးယားစွမ်းအင်ကို ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်သည်မို့ ငြိမ်းချမ်းစွာအသုံးပြုရန်ဟု အထူးပြုစကားဖြင့် ပူးပေါင်းဆောင်ရွက်မည်။ လုပ်ငန်းစဉ်များ (Road Map) ချမှတ်၍ ဆောင်ရွက်ကြမည်ဟု အသွင်အမြင်တူစွာဖြင့် ဆွေးနွေးကြသည်။

ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရန် ရည်ရွယ်ထားသည်ဖြစ်၍ နျူကလီးယား စွမ်းအင်ကို လျှပ်စစ်ဓာတ်အား ထုတ်ယူရေး၊ သိပ္ပံနှင့်သုတေသနလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး၊ ဆေးဝါးထုတ်လုပ်ရေး၊ စက်မှုကဏ္ဍနှင့် ကဏ္ဍပေါင်းစုံတွင် အကျိုးရှိစွာအသုံးချရေးတို့ကို ဆက်လက်ဆွေးနွေးကြသည်။ မြန်မာမှုနယ်ပယ်တွင် သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေးဟူသော ဆိုရိုးစကားရှိသည်။ ဤနျူကလီးယားစွမ်းအင်အတွက် သုံးတတ်အောင် ကြိုတင်ပြင်ဆင်ထားသည်။ ခေတ်၏တိုးတက်မှုနှင့် ရင်ပေါင်တန်း၍ ပညာများကိုဆက်လက်ဆည်းပူးနေသည်။ တတ်ကျွမ်းပြီးလက်တွေ့ ဆောင်ရွက်နေသည့်အဖွဲ့အစည်းနှင့်လည်း ပူးပေါင်းဆောင်ရွက်မည်။ ဘက်စုံသောပြင်ဆင်မှုများ ပြုပြီးဖြစ်သည့်အတွက် ဘေးဖြစ်နိုင်သည်ဆိုသည့်စကားကို ဖယ်ရှား၍ မြန်မာအတွက် ဆေးတစ်ဖုံကို ယူဆောင်လာနိုင်ပြီဟု ယုံကြည်မိသည်။ စာမျက်နှာ ၈ သို့ ❖

**နျူကလီးယားစွမ်းအင်နှင့်ပတ်သက်၍ အတွေ့အကြုံနှင့် နည်းပညာများ လေ့လာခွင့်ရရှိနိုင်မည့်အခြေအနေ၊ နှစ်နိုင်ငံပြည်သူလူထုအကျိုးရှိစေမည့် ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို စတင်ဆွေးနွေး**

**ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရန် ရည်ရွယ်ထားသည်ဖြစ်၍ နျူကလီးယားစွမ်းအင်ကို လျှပ်စစ်ဓာတ်အား ထုတ်ယူရေး၊ သိပ္ပံနှင့်သုတေသန လုပ်ငန်းများတွင် အသုံးပြုနိုင်ရေး၊ ဆေးဝါးထုတ်လုပ်ရေး၊ စက်မှုကဏ္ဍနှင့် ကဏ္ဍပေါင်းစုံတွင် အကျိုးရှိစွာ အသုံးချရေးတို့ကို ဆက်လက်ဆွေးနွေးကြ**

❖ စာမျက်နှာ ၇ မှ

တွေ့ဆုံဆွေးနွေးမှုများအပြီးတွင် မော်ကွန်းသစ်ဖြစ်လာမည့် သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ပြုလုပ်သည်။ ရှေ့ဆက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များအတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်းကို ရုရှားဘက်မှ ရုရှားနိုင်ငံပိုင် Rosatom State Corporations အမှုဆောင်အရာရှိချုပ် Mr. Alexey Evgenievich Likhachvက လက်မှတ်ရေးထိုးသည်။ မြန်မာဘက်မှ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်တို့၏ လက်မှတ်ကပင် ဤစီမံကိန်းကြီးအပေါ် အလေးအနက်ထားရှိမှုကို ပေါ်လွင်စေသည်။ လက်မှတ်ရေးထိုးမှုအပြီးတွင် ထွက်ပေါ်လာသည့် သြဘာလက်ခုပ်သံက မြန်မာနိုင်ငံအတွက် ရည်ရွယ်သည့် လက်ခုပ်သံများဟု ထင်မိသည်။ ခေတ်မီတိုးတက်ခြင်းဟူသော အကျိုးတရားကိုရရှိစေမည့် အကြောင်းတရားကို ဆောင်ရွက်နိုင်ခဲ့မှုအတွက် သြဘာလက်ခုပ်သံကနားဝင်ပီယံရှိလှသည်။ ခရီးစဉ်ဒုတိယနေ့၏ မင်္ဂလာမည်မှုက ကျွန်တော်တို့နိုင်ငံနှင့် နိုင်ငံသားတို့အတွက် ဦးတည်နေသည်ကိုလည်း ခံစားနေမိပါသည်။

နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးပြီးသော်လည်း အကြီးအကဲ၏ တစ်နေ့တာလုပ်ဆောင်ဖွယ်ကမူ မပြီးဆုံးသေး။ ရရှိသောအချိန်တိုအတွင်း ဇယ်ဆက်သလို လှုပ်ရှားရပြန်သည်။ တွေ့ဆုံဆွေးနွေးမှုပြုရန် ကျန်နေသေးသည်မို့ FEFU Campus ကို သွားရောက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အကြံပေးနှင့် ဖိုရမ်ဖြစ်မြောက်ရေးကော်မတီ အထူးအတွင်းရေးမှူး Mr. Anton Kobyakov နှင့်တွေ့ဆုံဆွေးနွေးသည်။ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်၍ စုံစုံလင်လင်တက်ရောက်သကဲ့သို့ ရုရှားဘက်တွင်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အကြံပေးနှင့် ဖိုရမ်ဖြစ်မြောက်ရေးကော်မတီ အထူးအတွင်းရေးမှူးနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin နှင့် ကိုယ်စားလှယ်များ တက်ရောက်သည်။

တွေ့ဆုံဆွေးနွေးမှုသည် ချစ်ကြည်ရင်းနှီးခင်မင်မှုကို အခြေတည်သည်မို့ မြိုင်မြိုင်ဆိုင်ဆိုင်ဆိုသလို ဆွေးနွေးကြသည်။ ဖိုရမ်ကို တက်ရောက်ရန် ဖိတ်ကြားမှု ရောက်ရှိချိန်တွင်လည်း ဧည့်ဝတ်ကျေပွန်မှုတို့အတွက် ကျေးဇူးတင်စကားဆိုသည့်အခါ ရုရှားကိုယ်စားလှယ်အဖွဲ့ ကျေနပ်ပြုံး ပြုံးသွားကြသည်မှာ အသက်ဝင်လှသည်။ သံတမန်ဆက်ဆံမှု (၇၅) နှစ်မြောက်ကာလအတွင်း နိုင်ငံနှစ်နိုင်ငံ၊ တပ်မတော်နှစ်ရပ်ကြား မိတ်ဆွေကောင်းပီသစွာဖြင့် ဆက်ဆံရေးကောင်း တည်ဆောက်နိုင်ခဲ့မှု၊ အရပ်ဘက်ဆက်ဆံရေးနှင့် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်နိုင်မှု အခြေအနေများကို ပီတိလွှမ်းခြုံသည့် ဆွေးနွေးမှုများပြုသည်။ ရုရှားနှင့်မြန်မာ မိတ်ဆွေညီအစ်ကို နိုင်ငံနှစ်ခုကြား ကဏ္ဍသစ်များတွင် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုကဏ္ဍတိုးမြှင့်ရေးတို့အတွက် တိုက်ရိုက်လေကြောင်းလိုင်းများ ပြေးဆွဲရေး စသည်တို့ကိုလည်းဆွေးနွေးသည်။ ရှိရင်းစွဲ ပူးပေါင်းဆောင်ရွက်မှုများကို အဆင့်မြှင့်တင်၍ ဆောင်ရွက်မည့်ကိစ္စရပ်များဖြစ်၍ ကျယ်ပြန့်လှသည်။ နိုင်ငံနှင့် ပြည်သူများအတွက်ဟု ကိုယ်စီရည်မှန်းထားသူများဖြစ်၍ ဆွေးနွေးမှုများမှာ အားပါအသက်ဝင်လှသည်။

နှစ်နိုင်ငံအစိုးရချင်း ချစ်ကြည်ရင်းနှီးမှုသာမက ပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးအတွက်လည်း ဆွေးနွေးမှုပြုလုပ်သည်။ နယ်ပယ်ကား ကျယ်ဝန်းလှသည်။ ကဏ္ဍပေါင်းစုံဟု သတ်မှတ်၍ ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် အမိမြန်မာနိုင်ငံအတွက် ရလာနိုင်မည့် အကျိုးကျေးဇူးကား မနည်းလှ။ စီးပွားရေး၊ လူမှုရေးမှသည် နိုင်ငံရေးနယ်ပယ်အပါအဝင် နယ်ပယ်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်လာမည့် အခြေအနေကောင်းများကို မြင်နေပြီဟုပင် ဆိုရမည်ဖြစ်သည်။ ။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၁၄**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီ တိုက်ပွဲရှောင်စခန်းများအတွင်းရှိပြည်သူများ၊ အသက်(၅)နှစ်မှ (၁၂)နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၂၅၀၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၃၁၁၁၂ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်၌ ဒေသခံပြည်သူ ၁၇၁၄ ဦး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ် ခရိုင်၌ ဒေသခံပြည်သူ ၁၃၅၀၆ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၁၀၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။



ပျဉ်းမနားမြို့နယ်၌ နှာခေါင်းစည်းများ အခမဲ့ပေးဝေစဉ်။

**ထိုးနှံပေးလျက်ရှိ**

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၂၆ မြို့နယ်၌ ကျောင်းသားကျောင်းသူ ၂၇၀၁ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်၌ ကျောင်းသားကျောင်းသူ ၃၂၁၈ ဦးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခရိုင်၌ ကျောင်းသားကျောင်းသူ ၈၈၈ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။



ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများအား ကိုဗစ် –၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးစဉ်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်များအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ပန်းတနော်မြို့တို့ရှိ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံ တပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ ဈေးဝယ်စင်တာများ၊ ဆိပ်ကမ်းများနှင့် လူသွားလူလာ များပြားသည့် နေရာများတွင် LED ကြော်ငြာဘုတ်များဖြင့် ကိုဗစ်– ၁၉ ရောဂါနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ နှာခေါင်းစည်းတပ်ဆင်၍ သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ ပေးဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှတင်သွင်းပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Test Kit ၁၈၂၄ ခု တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဦး၊ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသန်းဇော်ဦး၊ မြို့မရဲစခန်းမှူး ဒုရဲမှူးမိုးခိုင်နှင့် တပ်ဖွဲ့ဝင် ၃၀ တို့က လက်ပံတန်းမြို့ မင်းရပ်ရပ်ကွက်တန် ၂၅၀ ဆန်စက်လမ်းရှိ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(GTI)ဝင်းအတွင်း စက်တင်ဘာ ၁၄ ရက် နံနက် ၇ နာရီက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ အောင်ဆင့်

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။




**ဆက်ကပ် လှူဒါန်း**

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မဟာဝိဇိတာရုံပရိယတ္တိ စာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ တိပိဋကာလင်္ကာရ သာမဏေကျော်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ လင်းလွန်းပင် ပရိယတ္တိစာသင်တိုက်၊ တောင်ဥက္ကလာပမြို့နယ်ရှိ မြင်သာမြို့ဦးကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ အောင်ရာဇာပရိယတ္တိစာသင်တိုက်၊ လှိုင်မြို့နယ်ရှိ ရွာမကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ နမ့်ချပ်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မောင်းထောင်ကျောင်းပရိယတ္တိ စာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ဇောတိကာရုံပါဠိတက္ကသိုလ်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မဟာပညိန္ဒာရာမကျောင်းတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ မိုးကုတ်ရိပ်သာ(မြောက်)ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ တောင်ပေါ်ဣစ္ဆာသယကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ဌေကြာရုံ ပရိယတ္တိစာသင်တိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်အပ်နှံကျောင်းတိုက် နှင့် လားရှိုးမြို့နယ်ရှိ မြို့လယ်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအား တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ချင်းပြည်နယ် ဖလမ်းမြို့ သာသနာပြုဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

**ဖလမ်း စက်တင်ဘာ ၁၄**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချင်းပြည်နယ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ သံဃာတော်များနှင့် သီလရှင်များ ဝါတွင်းကာလ ဆွမ်း၊ ကွမ်း အဆင်ပြေစေရန်အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

အလားတူ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖလမ်းခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးရှိ ဝန်ထမ်းများက ဖလမ်းမြို့ ဗဟိုသာသနာပြု ဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေကြည်မြို့နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေး

**ရေကြည် စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပါဝင်သော စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ယနေ့ နံနက် ၁၀ နာရီတွင် ကိုင်းတာကြီးကျေးရွာ အဂ္ဂဇေယျမြတ်သိဒ္ဓိစေတီတော်မြတ်ကြီး ပရဝဏ်အတွင်းရှိ ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ရေကြည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဘိုဘိုထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူး မျိုးမြင့်အောင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကိုကိုနှင့် တာဝန်ရှိသူများက နယ်မြေလုံခြုံရေးဆိုင်ရာ ဆောင်ရွက်မှုများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇) ဆောင်ရွက်ပေးနေမှုများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်မှုများ၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနေမှုများ၊ နိုင်ငံသားစိစစ်ရေး ကတ်ပြုလုပ်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်သူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်ခဲ့ပြီး တက်ရောက်လာသူများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို တင်ပြရာ သက်ဆိုင်ရာဌာနများက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ဖျာပုံမြို့နယ် ဂေးဂုကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ဖျာပုံ စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်းလျက် ဖျာပုံမြို့နယ် ဂေးဂုကျေးရွာအုပ်စုနှင့် အနီးဝန်းကျင်ရှိ ပြည်သူများနှင့် တွေ့ဆုံ၍ ပြည်သူ့အကျိုးပြု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းအစီအစဉ်ကို ယနေ့ နံနက် ၁၀ နာရီက ဂေးဂုကျေးရွာ အောင်ချမ်းသာဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ထားမောင်က "ကျွန်တော်တို့အနေနဲ့ အခုလို ကျေးရွာလုံခြုံရေး၊ အိမ်ထောင်စုစာရင်းအချက်အလက်မှန်ကန်စွာရရှိရေး၊ ကိုဗစ်ကာကွယ်ဆေးထိုးနှံရေးအပါအဝင် လိုအပ်တဲ့ကဏ္ဍတွေ လာရောက်ဖြည့်ဆည်းပေးတာဟာ ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေချင်လို့ စီမံဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်"ဟု ပြောသည်။



ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးငွေမင်းထိုက်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးနိုင်ဦးတို့က ဒေသလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာဌာနအလိုက် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကိုလည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် ဖျာပုံမြို့နယ် ဆန်စက်ဆန်ကုန်သည်များအသင်းမှ အချွန်ဆန်တစ်ပြည် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ရောင်းချပေးမှုအပေါ် မြို့နယ်ကြက်ခြေနီအသင်းဝင်များက လုပ်အားပါဝင်ကူညီပေးခြင်း၊ ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အိမ်ထောင်စုစာရင်းများ ပြုလုပ်ပေးခြင်း အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြပြီး ဒေသအခြေအနေနှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းမှုအပေါ် သက်ဆိုင်ရာဌာနများက ကဏ္ဍအလိုက် ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**၂၀၇**

# အလုံမြို့နယ် ပြန်ဆက်ရုံး၌ စာဖတ်ဝိုင်းပြုလုပ်

**အလုံ စက်တင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာဖတ်ခန်း၌ စာအုပ်စာပေ ချစ်မြတ်နိုးသူများအသင်းကကြီးမှူး၍ စာဖတ်ဝိုင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ပြုလုပ်ခဲ့သည်။

စာဖတ်ဝိုင်းတွင် အဖွဲ့ဝင် ဦးတင်ဇော်လတ်(တရားလွှတ်တော်ရှေ့နေ)က စာရေးဆရာ ဒေါက်တာမောင်မောင်ညို၏ "သိက္ခာရှိစွာဖြင့် အောင်မြင်မှုကိုရယူခြင်း"၊ အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်တင်တင်ချိုက စာရေးဆရာ နန္ဒာမိုးကြယ်၏ "လူငယ်ထုအတွက် ဘဝလမ်းညွှန်" ဆောင်းပါးများကို ဖတ်ကြားတင်ပြကြသည်။

ထို့နောက်အဖွဲ့ဝင် စာရေးဆရာမ အေး (ရန်ကုန်တက္ကသိုလ်)က ဆောင်းပါးများကပေးသောအကျိုးကျေးဇူးများကို ကောက်နုတ်ပြောကြားပြီး အဖွဲ့ဝင်ဦးအောင်စိုး(အောင်စိုး-အလုံ)ကစာဖတ်ခြင်းကြောင့် ဘဝတိုးတက်မှုများကို ပြောကြားပေးခဲ့သည်။

**တင်ဝင်းတင်**

# တီးတိန်မြို့၌ အခြေခံစားသောက်ကုန်ပစ္စည်းများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

**တီးတိန် စက်တင်ဘာ ၁၄**

ချင်းပြည်နယ် အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် အခြေခံစားသောက်ကုန်ပစ္စည်းများကို ယနေ့ နံနက် ၈ နာရီမှ ၁၁ နာရီအထိ စကောလမ်း လမ်းရပ်ကွက် ကမ်းဟောက်ခန်းမ၌ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချခဲ့ကြောင်း သိရသည်။

**ဈေးနှုန်းသက်သာစွာရောင်းချ**

အခြေခံစားသောက်ကုန်များရောင်းချရာတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဟားခါးတပ်နယ်မှ အသား၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များ၊ ခြံထွက်ဈေးနှုန်းဖြင့်ရောင်းချခြင်း၊ အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သော ဆန်၊ ပဲဆီ၊ နေကြာဆီ၊ ဆား၊ ခေါက်ဆွဲခြောက်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ ကုလားပဲ၊ ကြက်ဥ၊ အမဲသား၊ ဝက်သား၊ ကြက်သား၊ ချဉ်ပေါင်၊ ငရုတ်သီးစိမ်း၊ ဂေါ်ဖီထုပ်၊ ရုံးပတီသီး စသည်တို့ကို ဈေးနှုန်းသက်သာစွာရောင်းချရာ ပြည်သူများက စိတ်ချမ်းသာစွာ ဝယ်ယူခဲ့ကြကြောင်း သိရသည်။

ထိုသို့ရောင်းချရာတွင် တီးတိန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ အေးချမ်းပျော်ရွှင်စွာ ဝယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■



# ကမ္ဘာကြည့် ကြည့်ကြရအောင်

ဘကြီးကောင်း

မောင်မြင့်အေးရေ ...

အခုနောက်ပိုင်း ကမ္ဘာ့သတင်းစာမျက်နှာထက်မှာ အာဖဂန်နစ္စတန်၊ အီရတ်၊ ဆီးရီးယား၊ လစ်ဗျား သတင်းတွေ တက်လာရင် အလွတ်မပေးဘဲ ဖတ်ဖြစ်အောင် ဖတ်နေမိတယ်။ အပြောင်းအလဲကို မျှော်လင့်ခဲ့ကြတဲ့ အဲဒီနိုင်ငံတွေကပြည်သူတွေ နှစ်ပေါင်း ၂၀ အတွင်းမှာ မူလအခြေအနေထက် သာလွန်ကောင်းမွန်တဲ့ လူမှုစီးပွားဘဝကို တကယ်တမ်းရသွားကြရဲ့လား။

လက်တွေ့ဘဝမှာတော့ ဖွတ်မရ ဓားမဆုံးဆိုသလို ဆယ်စုနှစ်နှစ်ခုစလုံး ဒုက္ခပင်လယ်ဝေခဲ့ကြတာပဲ အဖတ်တင်တယ်။ အခုလက်ရှိအချိန်အထိလည်း နဂိုမူလရှိရင်းစွဲ လူမှုစီးပွားဘဝအခြေအနေမျိုးကို ပြန်ရောက်ဖို့မပြောနဲ့ တည်ငြိမ်အေးချမ်းမှုရအောင်ပဲ မနည်းရုန်းကန်နေကြရဆဲပဲ။ အာဖဂန်ဆိုရင် နှစ်ပေါင်း ၂၀ သာကြာသွားတယ်၊ ကရွတ်ကင်းလျှောက်သလို ဒုံရင်းအတိုင်း ပြန်ရောက်သွားတယ်။

**အာဖဂန်နစ္စတန်ကို ဝင်ရောက်တိုက်ခိုက်ခဲ့**

၉/၁၁ အကြမ်းဖက်တိုက်ခိုက်မှုအပြီး ၂၀၀၁ ခုနှစ် အောက်တိုဘာလမှာ အမေရိကန်သမ္မတ ဘုရှ်က အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးစစ်ပွဲလို့ကြေညာပြီး အာဖဂန်နစ္စတန်ကို ဝင်ရောက်တိုက်ခိုက်ခဲ့တယ်။ Operation Enduring Freedom လို့ အမည်ပေးထားတဲ့ အာဖဂန်စစ်ဆင်ရေးစီမံချက်ရဲ့ရည်မှန်းချက်ကတော့ တာလီဘန်တွေကိုဖယ်ရှားဖို့၊ အာဖဂန်မှာ အယ်လ်ကေဒါအခြေခံစခန်းမရှိအောင် ဆောင်ရွက်ဖို့နဲ့ အာဖဂန်မှာဒီမိုကရေစီ အစိုးရတစ်ရပ်ထူထောင်ဖို့ပဲ ဖြစ်ပါတယ်။

ရည်မှန်းချက်အတိုင်း အမေရိကန်ဟာ တာလီဘန်တွေကို အချိန်တိုအတွင်း ကဘူးလ်၊ ကန်ဒါဟာ၊ မာဇာအီရှာရစ်ဖ် စတဲ့မြို့ကြီးတွေကနေ မောင်းထုတ်နိုင်ခဲ့ပြီး ၂၀၀၂ ခုနှစ် ဇွန်လမှာကျင်းပတဲ့ ဒုတိယအကြိမ် အာဖဂန်လူမျိုးစုခေါင်းဆောင်များညီလာခံကနေ ဟာမစ်ကာဇိုင်း ဦးဆောင်တဲ့ အသွင်ကူးပြောင်းရေးအစိုးရအဖွဲ့ကို ဖွဲ့စည်းပေးနိုင်ခဲ့တယ်။ ၂၀၀၄ ခုနှစ် တတိယအကြိမ် ညီလာခံမှာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကိုအတည်ပြုပြီး ရွေးကောက်ပွဲကျင်းပတဲ့အခါ ကာဇိုင်းဟာ ရွေးကောက်ခံသမ္မတတစ်ဦးဖြစ်လာခဲ့ပါတယ်။

သမ္မတဘုရှ်က "ခြောက်လအတွင်းမှာ တာလီဘန်တွေဖြုတ်ချပြီး အာဖဂန်ပြည်သူ ၂၆ သန်းကျော်ကို ဆိုးရွားလှတဲ့ဖိနှိပ်မှုအောက်က လွတ်မြောက်စေခဲ့တယ်၊ အယ်လ်ကေဒါ လေ့ကျင့်ရေးစခန်းအားလုံး ဖျက်ဆီးနိုင်ခဲ့တယ်။ အာဖဂန်မှာ ဒီမိုကရေစီ ထွန်းကားဖို့အတွက် အုတ်မြစ်ချပေးနိုင်ခဲ့တယ်လို့" ဆိုခဲ့ပေမယ့် နောက်ပိုင်းမှာတော့ ကာဇိုင်းအစိုးရအဖွဲ့ရဲ့ အကျင့်ပျက်ခြစားမှုတွေ၊ အဂတိလိုက်စားမှုတွေအပေါ် အာဖဂန်ပြည်သူတွေဟာ အယုံအကြည်ကင်းမဲ့လာပြီး တာလီဘန်တွေကို ပြန်အားကိုးလာကြတယ်။

၂၀၀၅၊ ၂၀၀၆ ခုနှစ်မှာ တာလီဘန်တွေ တစ်ကျော့ပြန်ခေါင်းထောင်လာပြီး တိုက်ခိုက်မှုတွေ ပိုပြင်းထန်လာတယ်။ ပြည်သူတွေဟာ ကြားထဲက မြေစာပင်ပိုဖြစ်ခဲ့ရတယ်။ စီအိုင်အေရဲ့အစီရင်ခံစာတစ်ခုမှာဆိုရင် အာဖဂန်တွေက တိုင်းပြည်ကို ဘယ်သူအုပ်ချုပ်တယ်ဆိုတာ အရေးမကြီးဘူး၊ လုံလုံခြုံခြုံနေနိုင်အောင်လုပ်ပေးဖို့ပဲ အရေးကြီးတယ်လို့ ပြောနေကြပြီဆိုပြီး ဖော်ပြခဲ့တယ်။

တာလီဘန်တွေကို နှိမ်နင်းဖို့နဲ့ အာဖဂန်နစ္စတန်နိုင်ငံပြန်လည်ထူထောင်ဖို့အတွက် အမေရိကန်အစိုးရက ဒေါ်လာဘီလီယံပေါင်းများစွာ ပုံအောသုံးခဲ့ပြီး အမေရိကန်တပ်ဖွဲ့ဝင် အင်အားဟာလည်း ၂၀၁၁ ခုနှစ်မှာ တစ်သိန်းတစ်သောင်းအထိရှိလာခဲ့တယ်။ နောက်ပိုင်းမှာတော့ အမေရိကန်စစ်တပ်က ထိုးစစ်တိုက်ခိုက်မှုတွေအစား အာဖဂန်တပ်ဖွဲ့ဝင်တွေကို သင်တန်းပေးပြီး တပ်အင်အားကိုပြန်လျှော့ချလာတယ်။ သမ္မတထရမ့်လက်ထက်မှာတော့ တာလီဘန်တွေနဲ့ငြိမ်းချမ်းရေးဆွေးနွေးပြီး ကိုယ်လွတ်ရုန်းဖို့ ခြေလှမ်းပြင်လာခဲ့တယ်။

**အမေရိကန်တွေ အပြီးဆုတ်ခွာသွားခဲ့**

ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ် ဩဂုတ်လမှာတော့ အာဖဂန်ကနေ အမေရိကန်တွေ အပြီးဆုတ်ခွာသွားခဲ့တယ်။ နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန်က အာဖဂန်က အမေရိကန်တွေဆုတ်ခွာတာ ဗီယက်နမ်လိုမဟုတ်ပါဘူး၊ စနစ်တကျဆုတ်ခွာတာပါလို့ အရှက်ပြေ ဘယ်လိုပဲပြောပြော ကဘူးလ်မြို့တော်ကို ဝိုင်းထားတဲ့ တာလီဘန်တွေရန်ကြောင့် အမေရိကန်သံရုံးဝန်ထမ်းတွေဟာ လျှို့ဝှက်စာရွက်စာတမ်းတွေကို မီးရှို့ပြီး ဗီယက်နမ်တုန်းကလိုပဲ ရဟတ်ယာဉ်နဲ့ ကသုတ်ကရက်ထွက်ပြေးခဲ့ကြရတယ်။ နိုင်ငံက ထွက်ပြေးချင်တဲ့ အာဖဂန်အရပ်သားတွေကတော့ လေဆိပ်မှာရပ်ထားတဲ့ အမေရိကန်စစ်လေယာဉ်တွေပေါ်ကို အလုအယက် စုပြုံတွယ်တက်နေကြတဲ့ မြင်ကွင်းဟာလည်း ဗီယက်နမ်က ဆေးဂုံမြို့ ကျဆုံးခန်းမြင်ကွင်းနဲ့ ထပ်တူပါပဲ။

အာဖဂန်သမ္မတ အာရှ်ဂါနီကတော့ ဩဂုတ်လ ၁၅ ရက်နေ့ကတည်းက အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံကို ထွက်ပြေးသွားပါပြီ။ ကဘူးလ်မှာ သွေးချောင်းစီးတာ မဖြစ်စေချင်လို့ ခက်ခဲတဲ့ ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ရတာလို့ဆိုပါတယ်။ တစ်နိုင်ငံလုံးကို တာလီဘန်တွေ မြန်မြန်ဆန်ဆန်သိမ်းပိုက်နိုင်ခဲ့တာနဲ့ပတ်သက်ပြီး အများဆုံးအပြစ်တင်ခံရတာကတော့ အမေရိကန်က နှစ်စဉ်ဒေါ်လာ ဘီလီယံနဲ့ချီ ထောက်ပံ့ထားပြီး ကြည်းတပ်ရော၊ လေတပ်ပါ အင်အားတောင့်တင်းစွာ လက်နက်တပ်ဆင်ထားတဲ့ကြားက လက်နက်ချထွက်ပြေးခဲ့ကြတဲ့ အင်အားသုံးသိန်းကျော်ရှိတဲ့ အာဖဂန်အစိုးရတပ်မတော်ပဲ ဖြစ်ပါတယ်။

အာဖဂန်မှာ တာလီဘန်တွေကိုဖယ်ရှားဖို့၊ ဒီမိုကရေစီအစိုးရတစ်ရပ်ထူထောင်ဖို့ ဆိုတဲ့ ရည်မှန်းချက်နဲ့နှစ်ပေါင်း ၂၀ အကြာ ငွေအား၊ လူအား အရင်းအမြစ်များစွာအသုံးပြုခဲ့တဲ့ အမေရိကန်ရဲ့ပေါ်လစီမူဝါဒဟာ အဆုံးတစ်နေ့မှာတော့ ကရွတ်ကင်းလျှောက်သလို ပိုနေမြဲ ကျားနေမြဲအတိုင်း သမိုင်းတစ်ပတ်လည်သွားခဲ့တာပဲ အဖတ်တင်ခဲ့ပါတယ်။

အာဖဂန်စစ်ပွဲအစမှာ နယူးယောက်ခ်တိုင်းသတင်းစာက အာဖဂန်စစ်ပွဲဟာ ဗီယက်နမ်စစ်ပွဲလိုဖြစ်လာတော့မလားဆိုပြီး မေးခွန်းထုတ်ရေးသားခဲ့စဉ်က သမ္မတဘုရှ်က "ကျွန်တော်တို့အရွယ် မျိုးဆက်တွေက အရာရာကို ဝါးတားဂိတ်တို့၊ ဗီယက်နမ်စစ်ပွဲတို့နဲ့ယှဉ်ပြီး သုံးသပ်တတ်ကြတယ်။ ဒါပေမဲ့ သူတို့အမြင်တွေကို ကျွန်တော်အလေးမထားပါဘူး" လို့ ပြောခဲ့ပေမယ့် လက်ရှိသမ္မတ ဘိုင်ဒင်ကတော့ "အာဖဂန်ကို အမေရိကန်က တစ်သက်လုံးကာကွယ်ပြီး အဆုံးမဲ့စစ်ပွဲကို တိုက်မနေနိုင်ဘူး၊ နောင် ငါးနှစ် ဆယ်နှစ် ဆက်နေမယ်ဆိုရင်တောင် ဘယ်အမေရိကန်တွေကမှ သဘောတူမှာမဟုတ်ဘူး" လို့ သူ့ရဲ့ ဆုတ်မိန့်ပေးခဲ့တဲ့ ဆုံးဖြတ်ချက်ကိုကာကွယ်ပြောဆိုသွားပါတယ်။

**လက်ရှောင်ထွက်သွားခဲ့**

ဒါကလည်း အဆန်းမဟုတ်ပါဘူး။ ဗီယက်နမ်စစ်ပွဲရဲ့အဆုံးတစ်နေ့မှာလည်း နစ်ဆင်အစိုးရဟာ ဗီယက်နမ်စစ်ပွဲမှာ အမေရိကန်တွေကိုယ်ထိလက်ရောက် ဝင်ရောက်တိုက်ခိုက်နေတာကို တဖြည်းဖြည်းရုပ်သိမ်းသွားမယ်၊ ရုပ်သိမ်းနေစဉ် တစ်ချိန်တည်းမှာပဲ တောင်ဗီယက်နမ်စစ်အင်အားကို ဖြည့်တင်းလေ့ကျင့်ပေးသွားမယ်၊ ဗီယက်နမ်က အမေရိကန်တပ်တွေ လုံးဝရုပ်သိမ်းသွားပြီးနောက်မှာတော့ ဗီယက်နမ်အချင်းချင်း ဆက်ရှင်းကြပေရော့ဆိုတဲ့ ဗီယက်နမ်မိုက်ဖေးရှင်းခေါ် ဗီယက်နမ်ပြဿနာကို ဗီယက်နမ်အချင်းချင်း ဖြေရှင်းရေးဆိုတဲ့ ပေါ်လစီနဲ့ လက်ရှောင်ထွက်သွားခဲ့တာပါပဲ။ ၁၉၈၃ ခုနှစ်မှာ ဟစ်ဇ်ဘူလာအကြမ်းဖက်သမားတွေက အမေရိကန်ကမ်းတက်တပ်ဖွဲ့ရဲ့စခန်းကို ဗုံးခွဲတိုက်ခိုက်တုန်းကလည်း သမ္မတရီဂင်ဟာ လက်ဘနွန်က အမေရိကန်တပ်တွေကိုရုပ်သိမ်းသွားခဲ့တယ်၊ ၁၉၉၃ ခုနှစ်မှာ ဆိုမာလီစစ်ဘုရင်တွေက အမေရိကန်ရဟတ်ယာဉ်ကို ပစ်ချလိုက်တော့ သမ္မတကလင်တန်ဟာ ဆိုမာလီယာက အမေရိကန်တပ်တွေကို ရုပ်သိမ်းသွားခဲ့တာပါပဲ။

ကြားထဲက ငထွားခါးနာသလို နာရတာကတော့ ဒေသခံပြည်သူတွေပဲဖြစ်ပါတယ်။ အာဖဂန်စစ်ပွဲမှာ အမေရိကန်တပ်ဖွဲ့ဝင်သေဆုံးမှုဟာ ထောင်ဂဏန်းမျှသာရှိပေမယ့် အာဖဂန်စစ်တပ်နဲ့ ရဲတပ်ဖွဲ့ဝင်တို့ရဲ့ သေဆုံးမှုက သောင်းဂဏန်း၊ အရပ်သားပြည်သူတွေရဲ့ သေဆုံးမှုကတော့ သန်းနဲ့ချီတဲ့အထိ ရှိခဲ့ပါတယ်။

အီရတ်လွတ်မြောက်ရေးစစ်ဆင်ရေးလို့ အမည်ပေးပြီး အမေရိကန်က အီရတ်ကို အကြောင်းမည်မည်ရရမရှိဘဲ ဝင်ရောက်တိုက်ခိုက်ခဲ့တဲ့ အီရတ်စစ်ပွဲကာလမှာလည်း အမေရိကန်တပ်ဖွဲ့ဝင်တွေ သေဆုံးမှုက ထောင်ဂဏန်းမျှပဲရှိပေမယ့် အီရတ်နိုင်ငံသား အရပ်သားသေဆုံးမှုက ၂၀၀၃ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း နှစ်သိန်းကျော်ရှိခဲ့ပြီး ဒုက္ခသည်တွေ အမိမြေကနေ နေရပ်စွန့်ခွာထွက်ပြေးသူ လူဦးရေ စုစုပေါင်းကတော့ ကိုးသန်းကျော်ရှိခဲ့တယ်လို့ ဆင်ဟွာသတင်းဌာနက ဆိုပါတယ်။

> **လက်ရှိမှာလည်း ယူကရိန်းအရေး၊ ထိုင်ဝမ်အရေးကိစ္စတွေနဲ့ ကမ္ဘာကြီးဟာ မငြိမ်းချမ်းသေးပါဘူး။ ဒီလိုအချိန်ကာလမှာ အမေရိကန်နဲ့အနောက် နိုင်ငံအချို့ရဲ့ ကိုယ်ကျိုးစီးပွားအရ မီးစတစ်ဖက် ရေမှုတ်တစ်ဖက်၊ လိုရင်လိုသလို မလိုရင်မလိုသလို ဆက်ဆံမှုတွေ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး အကြောင်းပြချက်နဲ့ ဝင်ရောက်စွက်ဖက်ခဲ့ကြပြီး အဆုံးတစ်နေ့မှာ ကိုယ့်ဇာတ်ကိုယ်မနိုင်၊ ဆရာမနိုင် နှစ်ဆောင်ပြိုင် ဖြစ်လာတော့မှ ဖုတ်ဖက်ခါထ လက်ရှောင်ထွက်သွားတတ်ကြတဲ့ လုပ်ရပ်တွေက တို့လိုနိုင်ငံငယ်လေးတွေအဖို့ နိုင်ငံရေးသင်ခန်းစာယူဖို့ ကောင်းတာပေါ့နော်။ ဒီလိုမြင်တတ် ယူတတ်အောင်လည်း ကမ္ဘာကြည့် ကြည့်ကြဖို့ လိုတာပေါ့**

**အာရပ်နွေဦးတော်လှန်ရေးရဲ့ နောက်ဆက်တွဲ**

၂၀၁၀ ပြည့်နှစ်ကုန် ၂၀၁၁ ခုနှစ် နှစ်ဆန်းက ပေါ်ပေါက်ခဲ့တဲ့ အာရပ်နွေဦးတော်လှန်ရေးရဲ့ နောက်ဆက်တွဲ ဆီးရီးယားပြည်တွင်းစစ်နဲ့ လစ်ဗျားပြည်တွင်းစစ်တွေမှာလည်း အရပ်သားသေဆုံးမှုနှုန်းက ကြောက်ခမန်းလိလိပါ။ ဆီးရီးယားပြည်တွင်းစစ်မှာဆိုရင် အရပ်သားသေဆုံးမှုနှုန်းက အနည်းဆုံး သုံးသိန်းခွဲခန့်ရှိတယ်လို့ ကုလသမဂ္ဂကဆိုတယ်။ အချို့ကိန်းဂဏန်းတွေအရကတော့ အရပ်သားငါးသိန်းနီးပါးခန့်သေဆုံးခဲ့ပြီး တစ်သန်းကျော်ဒဏ်ရာရတယ်။ လူဦးရေ ၅ ဒသမ ၆ သန်းကျော်က စစ်ဘေးဒုက္ခသည်တွေဖြစ်ပြီး နေရပ်စွန့်ခွာထွက်ပြေးခဲ့ကြရတယ်လို့ဆိုတယ်။

တကယ်တမ်းပြောရရင် အာရပ်နွေဦးတော်လှန်ရေးကာလမှာ အမေရိကန်ဟာ သူ့ရဲ့နှစ်ရှည်လများ မဟာမိတ် အာရပ်နိုင်ငံတွေကိုတစ်မျိုး၊ မဟာရန်ဘက် အာရပ်နိုင်ငံတွေကိုတစ်မျိုး မီးစတစ်ဖက် ရေမှုတ်တစ်ဖက် ဆက်ဆံဆောင်ရွက်သွားခဲ့တယ်လို့ ဆိုရမယ်။ သူ့ရဲ့မဟာရန်ဘက် လစ်ဗျားက ကဒါဖီအစိုးရပြုတ်ကျသွားအောင် ကနဦးမှာ ပြိုင်ဘက်အုပ်စုတွေကို လက်နက်တွေထောက်ပံ့ပေးခဲ့တယ်။ နောက်ပိုင်းမှာ အရပ်သားတွေကို အကာအကွယ်ပေးဖို့ဆိုတဲ့အကြောင်းပြချက်နဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ယူပြီး လစ်ဗျားနိုင်ငံတွင်း လေယာဉ်မပျံသန်းရဇုန် (No-Fly Zone) တစ်ခု သတ်မှတ်၊ ပြီးမှ ဗြိတိန်၊ ပြင်သစ်စတဲ့ နေတိုးအဖွဲ့ဝင်နိုင်ငံတွေနဲ့အတူ လေကြောင်း၊ ရေကြောင်းကနေ ပိတ်ဆို့တိုက်ခိုက်ခဲ့ကြတယ်။

ဆီးရီးယားအရေးမှာလည်း ဘာရှားအာဆတ်အစိုးရပြုတ်ကျအောင် ပြိုင်ဘက်အုပ်စုတွေကို အထောက်အပံ့ အကူအညီတွေပေးပြီး ပြည်တွင်းစစ်မီးကိုမွှေးပေးခဲ့ပေမယ့် ပြိုင်ဘက်အုပ်စုတွေထဲမှာ ဘာသာရေးအစွန်းရောက်အဖွဲ့တွေ၊ IS အကြမ်းဖက်အဖွဲ့တွေ ပါဝင်ပတ်သက်လာတာကတစ်ကြောင်း၊ ရုရှားက အာဆတ်အစိုးရဘက်ကို ကျားကန်ကူညီလာမှုကြောင့်တစ်ကြောင်း နောက်ပိုင်းမှာ ကိုယ်ရှိန်ပြန်သတ်သွားတယ်။ ၂၀၁၈ ခုနှစ် နောက်ပိုင်းမှာတော့ အာဆတ်အစိုးရက နိုင်ငံရဲ့မြို့ကြီးအတော်များများကို ပြန်ထိန်းချုပ်လာနိုင်ပေမယ့် ပြည်တွင်းစစ်ဒဏ်ကြောင့် နိုင်ငံဟာကြေမွသွားပြီး ပြည်သူတွေလည်း ဒုက္ခပင်လယ်ဝေခဲ့ကြရတယ်။ တစ်ချိန်က အာဖရိကတိုက်ရဲ့ ချမ်းသာကြွယ်ဝတဲ့ နိုင်ငံတွေထဲမှာ တစ်နိုင်ငံဖြစ်ခဲ့တဲ့ လစ်ဗျားနိုင်ငံဟာလည်း ကဒါဖီအလွန် ဆယ်စုနှစ်တစ်ခုအကြာဖြစ်ပွားခဲ့တဲ့ ပြည်တွင်းစစ်ဒဏ်ကြောင့် ယနေ့အချိန်မှာ အာဖရိကရဲ့ အဆင်းရဲဆုံး သုံးနိုင်ငံထဲမှာ တစ်နိုင်ငံဖြစ်သွားခဲ့ရတယ်။

အာရပ်နွေဦးတော်လှန်ရေးနဲ့အတူ တစ်ချိန်တည်း တစ်ပြိုင်တည်းပေါ်ပေါက်ခဲ့တဲ့ ပင်လယ်ကွေ့နိုင်ငံတွေထဲက မဟာမိတ်တစ်နိုင်ငံဖြစ်တဲ့ ဘာရိန်းနိုင်ငံရဲ့ လူထုအုံကြွမှုမှာတော့ အမေရိကန်က အကြမ်းဖက်မှုတွေ မလုပ်ဖို့မျှော်လင့်ကြောင်း၊ အခြေအနေတွေ တဖြည်းဖြည်းဆိုးရွားလာမှာ စိုးရိမ်ကြောင်းသာ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် ဘာရိန်းအာဏာပိုင်တွေက ပြည်သူလူထုရဲ့အုံကြွမှုကို ဒီမိုကရေစီတောင်းဆိုမှုအဖြစ် **စာမျက်နှာ ၁၁ သို့ ☆**

## ဟိုပန်၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံပေး



**ဟိုပန် စက်တင်ဘာ ၁၄**

“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်တွင် အသက် ၁၂ နှစ်မှ ၁၈ နှစ် အတွင်းရှိ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ဆက်လက် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ဟိုပန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက ယမန်နေ့ နံနက်ပိုင်းတွင် အထက(ခွဲ) ပန်ကောက်၊ အလက(ကောင်းကော်)၊ မူလွန်ကျောင်းများဖြစ်သည့် ရွှေဝါ၊ ကျောင်းများဖြစ်သည့် သည့် မုန်းကွန်နှင့် လီရှောပန်ကောက် ကျေးရွာစာသင်ကျောင်း စုရပ်နေရာများ၌ ကိုဗစ်-၁၉ ရောဂါထပ်ဆောင်းကာကွယ်ဆေး ကွင်းဆင်းထိုးနှံပေးခဲ့ရာ ကျောင်းသား ၃၀၀ နှင့် ကျောင်းသူ ၂၄၀ ထိုးနှံပေးခဲ့သည်။

ဟိုပန်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေးကို ယနေ့အထိ အသက်၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကျောင်းသား ကျောင်းသူ ၈၂၈ ဦးအား ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

## ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေး



**ဒဂုံတောင် စက်တင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် အကြောင်းအမျိုးမျိုးကြောင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေသော အခြေခံပညာကျောင်းများ၊ကိုယ်ပိုင်အထက်တန်းကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရှိ ကျောင်းသား ကျောင်းသူ ၆၄၅၉ ဦးအား ယနေ့နံနက်၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြတ်သူဝင်းက အနီးကပ်ကြီးကြပ်ကာ ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ ရှိစေရေးအတွက် ဆရာဝန်များ၊ သူနာပြုဆရာမများ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းထိုးနှံပေးကြောင်း သိရသည်။

သန်းသန်းအေး (ဒဂုံတောင်)



## မြဝတီမြို့၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

**မြဝတီ စက်တင်ဘာ ၁၄**

ကျောင်းသား ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ယနေ့နံနက် ၉ နာရီက ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း၌ ထိုးနှံပေးသည်။

ထိုသို့ထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ရောဂါကွယ်ဆေး(Myancopharm)ပထမအကြိမ်အဖြစ် အသက် ၁၂ နှစ်အထက် ကျောင်းသား ၂၈ဦး၊ ကျောင်းသူ ၄၀ ကို ခရိုင်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ထိုးနှံပေးသည့်အပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထပ်ဆောင်း (Booster ) တတိယအကြိမ်အဖြစ် အသက် ၁၂ နှစ်အထက် ကျောင်းသား ၂၃ ဦး၊ ကျောင်းသူ ၂၄ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၇ ဦးကို ဆက်လက်ထိုးနှံပေးခဲ့သည်။

ခရိုင်(ပြန်/ဆက်)



## ညောင်လေးပင်မြို့၌ ဒေသခံပြည်သူများအား စားသောက်ကုန်များ ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**ညောင်လေးပင် စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် ညောင်လေးပင်မြို့နယ်အတွင်းရှိဒေသခံပြည်သူများအား စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းမှစ၍ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် လှည့်လည်ကာသတ်မှတ်နေရာများ၌ ရောင်းချပေးကြသည်။

ထိုသို့ရောင်းချပေးရာတွင် မြို့နယ်စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ကုန်ထုတ်လုပ်မှု ကြီးကြပ်ရေးကော်မတီနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းကာ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ဈေးနှုန်းချိုသာစွာဖြင့် ညောင်လေးပင်မြို့ မြို့မ(၃)ရပ်ကွက် ဈေးအရှေ့လမ်းထိပ်နှင့်မြို့မ(၂)ရပ်ကွက်၊ မြို့မ(၄)ရပ်ကွက်၊ မြို့မ(၅)ရပ်ကွက်တို့၌ ရွှေ့လျားမော်တော်ယာဉ်ဖြင့် လှည့်လည်ရောင်းချပေးကာ စားသုံးသူပြည်သူများ လာရောက်ဝယ်ယူအားပေးကြသည်။

စားသောက်ကုန်များ ရောင်းချရာတွင် အဆင်ပြေစေရန်အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်ဘုန်းမောင်နှင့် အဖွဲ့ဝင်များ၊မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။ နေလင်း(ညောင်လေးပင်)

☆ စာမျက်နှာ ၁၀ မှ

မမြင်ဘဲ အီရန်ရဲ့ကြိုးကိုင်မှုလို့ဆိုပြီး ထောင်နဲ့ချီတဲ့ ဆော်ဒီတပ်ဖွဲ့ဝင်တွေ၊ ရာနဲ့ချီတဲ့ ယူအေအီးက ရဲတပ်ဖွဲ့ဝင်တွေကို သံချပ်ကာကားတွေနဲ့အတူ ဘာရိန်းနိုင်ငံထဲ ဖြတ်ကျော်ဝင်ရောက်စေပြီး နှိမ်နင်းခဲ့မှုအပေါ်မှာတော့ အမေရိကန်က သူတို့ကို အကြောင်းမကြားလို့ မသိဘူးဆိုပြီး မသိချင်ယောင်ဆောင်နေခဲ့ပါတယ်။

**မြန်မာ့ ဒီမိုကရေစီအရေး**

မြန်မာ-အမေရိကန်ဆက်ဆံရေးမှာလည်း ၁၉၈၈ ခုနှစ် နောက်ပိုင်းကစလို့ ယခုတိုင် ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဆိုပြီး မြန်မာအပေါ် ဖိအားပေးမှုမျိုးစုံ၊ ပိတ်ဆို့မှုမျိုးစုံနဲ့ပဲ ဆက်ဆံလာခဲ့တာပါပဲ။ ၂၀၁၀ ပြည့်နှစ် နောက်ပိုင်း ဒီမိုကရေစီအစိုးရပထမ သက်တမ်းကာလမှာတော့ သမ္မတ အိုဘားမား အစိုးရဟာ အာရပ်နွေဦးရဲ့ရိုက်ခတ်မှုတွေကြားထဲမှာ မြန်မာပြည်ရဲ့ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်ဟာ ကမ္ဘာကြီးအတွက် မျှော်လင့်ချက်တစ်ခုဖြစ်တယ်။တစ်ဖက်ကလည်း မြန်မာပြည်ကို စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုတွေဟာ အိမ်နီးချင်းတရုတ်နိုင်ငံကို နိုင်ငံရေး၊ စီးပွားရေးလွှမ်းမိုးဖို့ရာ အခွင့်အရေးတွေမမျှော်လင့်ဘဲ ဖန်တီးပေးသလိုဖြစ်လာမယ်ဆိုတဲ့ အတွေးအခေါ်အယူအဆအရ ပိတ်ဆို့မှုတွေကို စတင်ဖြေလျှော့မှုတွေ၊ ထိတွေ့ဆက်ဆံမှုတွေရှိလာခဲ့တယ်။ ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းကာလမှာတော့ မြန်မာပြည်ရဲ့အနောက်တံခါးက ဘင်္ဂါလီအရေးကိစ္စကြောင့် အမေရိကန်-မြန်မာဆက်ဆံရေးဟာ အနည်းငယ် ပြန်လည်အေးစက်သွားခဲ့ပြန်တယ်။ အကယ်၍များ ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းကာလမှာ အမေရိကန်ဟာ မြန်မာပြည်ရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ဒုတိယကမ္ဘာစစ်အပြီးက မာရှယ်စီမံကိန်းလို အရှိန်အဟုန်ပြင်းပြင်း၊ အင်နဲ့အားနဲ့ပံ့ပိုးကူညီနိုင်ခဲ့မယ်ဆိုရင် မြန်မာ့ဒီမိုကရေစီအရေးဟာ အခုဆို အတော်ကို ခရီးပေါက်လာမှာပဲလို့ ထင်မြင်ယူဆမိတယ်။

မောင်မြင့်အေးရေ ...

လက်ရှိမှာလည်း ယူကရိန်းအရေး၊ ထိုင်ဝမ်အရေးကိစ္စတွေနဲ့ ကမ္ဘာကြီးဟာ မငြိမ်းချမ်းသေးပါဘူး။ ဒီလိုအချိန်ကာလမှာ အမေရိကန်နဲ့အနောက်နိုင်ငံအချို့ရဲ့ ကိုယ်ကျိုးစီးပွားအရ မီးစတစ်ဖက် ရေမှုတ်တစ်ဖက်၊ လိုရင်လိုသလို မလိုရင်မလိုသလို ဆက်ဆံမှုတွေ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအကြောင်းပြချက်နဲ့ ဝင်ရောက်စွက်ဖက်ခဲ့ကြပြီး အဆုံးတစ်နေ့မှာ ကိုယ့်ဇာတ်ကိုယ်မနိုင်၊ ဆရာမနိုင်နှစ်ဆောင်ပြိုင် ဖြစ်လာတော့မှ ဖုတ်ဖက်ခါထ လက်ရှောင်ထွက်သွားတတ်ကြတဲ့လုပ်ရပ်တွေက တို့လိုနိုင်ငံငယ်လေးတွေအဖို့ နိုင်ငံရေးသင်ခန်းစာယူဖို့ကောင်းတာပေါ့နော်။

ဒီလိုမြင်တတ် ယူတတ်အောင်လည်း ကမ္ဘာကြည့် ကြည့်ကြဖို့လိုတာပေါ့။ ॥

## တန့်ယန်းမြို့နယ်တွင် မန်ကျောင်း-မန်လုံ ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်

**တန့်ယန်း စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးလက်ကုန်ထုတ်လမ်းများ အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိရာ နားဟုတ်ကျေးရွာအုပ်စု မန်ကျောင်း-မန်လုံလမ်းအား ဖြန့်ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ နားဟုတ်ကျေးရွာအုပ်စု မန်ကျောင်း-မန်လုံ လမ်းအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြု ရန်ပုံငွေကျပ် ၆၃ ဒသမ ၇၀ သန်းဖြင့် အကျယ် ၁၂ ပေ၊ အရှည် ( ၁/၅)မိုင်ရှိ လမ်းကို ဖြန့်ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးနေရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးခိုင်မင်းထွန်းနှင့် တာဝန်ရှိသူများက လမ်းအရည်အသွေး ကောင်းမွန်ရေးအတွက် အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။





လမ်းပြီးစီးသွားပါက ကျေးရွာရှိ အိမ်ထောင်စု ၇၀၅ စုမှ လူဦးရေ ၂၈၂၇ ဦးခန့်အား အကျိုးပြုနိုင်မည့်အပြင် အနီးဝန်းကျင်ရှိ ကျေးရွာများနှင့်ပါ ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မင်းလွင်ဦး(ပြန်/ဆက်)

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၁၂၀ စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၈၄ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၄-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ် -၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ် -၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ် -၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၁၂၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ် -၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၈၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၃.၁၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၈၇၈,၈၈၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ် -၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၇,၇၃၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈၉) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၄,၅၅၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ် -၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၄၄) ဦး ရှိပါသည်။

ကိုဗစ် -၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ် -၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၃-၉-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၄၆၁,၀၆၃) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၅၁၅,၅၂၂) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

### ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု (၁၃-၉-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၄၆၁,၀၆၃ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၅၁၅,၅၂၂ |

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၇-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၀) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်းမရှိဘဲ (၁၅.၉) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး (၁) ကြိမ် ထိုးနှံထားပြီး (၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိ၍ (၀.၁)ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေ

| ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ | | | |
|---|---|---|---|
| ၈၀ ရာခိုင်နှုန်းသည် | ၁၅.၉ ရာခိုင်နှုန်းသည် | ၄ ရာခိုင်နှုန်းသည် | ၀.၁ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်း မရှိသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး (၁) ကြိမ် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၇-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၄.၁) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝ ထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၄.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိသူများဖြစ်ကာ (၁.၅) ရာခိုင်နှုန်းမှာ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများ၏ | | |
|---|---|---|
| ၈၄.၁ ရာခိုင်နှုန်းသည် | ၁၄.၄ ရာခိုင်နှုန်းသည် | ၁.၅ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်း မရှိသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ် ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/ သေဆုံးမှုတို့ကို လေ့လာသုံးသပ်ချက်အရ ကာကွယ်ဆေးထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့် သေဆုံးမှုကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံခြင်းဖြင့်လည်း ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကို လျော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၇၂၀၀၇၀၆ | ၉၃၄၆၀၁၇၁ | ၁၀၇၆၃၄၃ |
| ၂။ | အိန္ဒိယ | ၄၄၅၁၀၀၅၇ | ၄၃၉၃၆၀၉၂ | ၅၂၈၂၁၆ |
| ၃။ | ပြင်သစ် | ၃၄၇၆၄၅၆၁ | ၃၄၂၅၄၃၂၃ | ၁၅၄၅၇၈ |
| ၄။ | ဘရာဇီး | ၃၄၅၉၁၃၆၂ | ၃၃၆၇၅၁၂၄ | ၆၈၅၀၅၇ |
| ၅။ | ဂျာမနီ | ၃၂၅၅၈၄၇၉ | ၃၁၈၁၂၃၀၀ | ၁၄၈၄၉၈ |
| ၆။ | တောင်ကိုရီးယား | ၂၄၁၉၃၀၃၈ | ၂၂၈၇၀၉၉၀ | ၂၇၅၉၃ |
| ၇။ | ဗြိတိန် | ၂၃၅၅၄၅၁၉ | ၂၃၂၈၃၈၂၇ | ၁၈၉၀၂၆ |
| ၈။ | အီတလီ | ၂၂၀၇၇၆၀၁ | ၂၁၄၄၇၂၃၁ | ၁၇၆၃၃၅ |
| ၉။ | ဂျပန် | ၂၀၃၀၀၃၈၇ | ၁၉၂၆၅၁၀၈ | ၄၂၉၈၅ |
| ၁၀။ | ရုရှား | ၂၀၂၀၈၈၇၈ | ၁၉၁၉၅၁၀၄ | ၃၈၅၆၂၈ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၄၈၀၃၄ | ၁၀၃၉၃၆၃၂ | ၄၃၁၃၂ |
| ၂။ | အင်ဒိုနီးရှား | ၆၄၀၀၀၃၅ | ၆၂၁၁၇၉၆ | ၁၅၇၈၂၈ |
| ၃။ | မလေးရှား | ၄၈၀၈၈၉၆ | ၄၇၄၆၉၁၂ | ၃၆၂၉၁ |
| ၄။ | ထိုင်း | ၄၆၇၀၁၈၄ | ၄၆၂၇၂၈၅ | ၃၂၅၈၁ |
| ၅။ | ဖိလစ်ပိုင် | ၃၉၁၁၄၈၇ | ၃၈၂၄၉၃၂ | ၆၂၄၁၆ |
| ၆။ | စင်ကာပူ | ၁၈၆၄၇၄၂ | ၁၇၈၆၅၈၁ | ၁၆၀၂ |
| ၇။ | မြန်မာ | ၆၁၇၇၃၉ | ၅၉၄၅၅၂ | ၁၉၄၄၄ |
| ၈။ | ဘရူနိုင်း | ၂၂၃၀၅၉ | ၂၁၉၅၆၁ | ၂၂၅ |
| ၉။ | လာအို | ၂၁၅၁၅၇ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၇၃၅ | ၁၃၄၆၀၉ | ၃၀၅၆ |

## ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးအစည်းအဝေးသို့ အီရန်နိုင်ငံ တက်ရောက်မည်

**တီဟီရန် စက်တင်ဘာ ၁၄**

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးအစည်းအဝေးသို့ အီရန်နိုင်ငံ တက်ရောက်မည်ဖြစ်ကြောင်း အီရန်သမ္မတ အီဘရာဟင်ရိုင်စီက စက်တင်ဘာ ၁၂ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါထိပ်သီးအစည်းအဝေးတွင် တရုတ်နှင့် ရုရှား ဦးဆောင်လျက်ရှိသည့် လုံခြုံရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းမူဘောင်တွင် အီရန်နိုင်ငံအနေဖြင့် ပါဝင်သွားရန် သဘောတူညီမှု စာချွန်လွှာတစ်ရပ် လက်မှတ်ရေးထိုးသွားမည်ဖြစ်သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ တက်ရောက်မည့် အဆိုပါထိပ်သီး အစည်းအဝေးကို ဥဇဘက်ကစ္စတန်နိုင်ငံ၌ စက်တင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အီရန်နိုင်ငံသည် ကုန်သွယ်ရေးနှင့် စွမ်းအင်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ နာဆာကာနာနီက ဆိုသည်။




အီရန်နိုင်ငံသည် လက်ရှိတွင် အမေရိကန်နိုင်ငံက ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ရင်ဆိုင်နေရသည့်အတွက် ရုရှားနှင့် တရုတ်လုံခြုံရေးနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် ပါဝင်လာခြင်းဖြစ်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

အီရန်နိုင်ငံ၏ နျူကလီးယားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းစဉ်များကြောင့် အမေရိကန်နိုင်ငံက အီရန်နိုင်ငံအပေါ် ကုန်သွယ်ရေးဆိုင်ရာ စီးပွားရေး ပိတ်ဆို့မှုများ ချမှတ်ထားခြင်းဖြစ်သည်။

ယင်းသို့ အမေရိကန်နိုင်ငံ၏ စီးပွားရေးပိတ်ဆို့မှုများသည် အီရန်နိုင်ငံအား ရုရှားနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်ရန် တွန်းအားပေးနေခြင်းဖြစ်ကြောင်း စီးပွားရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦးက ဆိုသည်။

ယခုနှစ် ကျင်းပမည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးအစည်းအဝေးသည် ၂၀၁၉ ခုနှစ် ကာဂျစ္စတန်နိုင်ငံတွင် ကျင်းပခဲ့သည့် ထိပ်သီးအစည်းအဝေးပြီးနောက် ပထမဆုံးအကြိမ် မျက်နှာစုံညီကျင်းပသည့် ထိပ်သီးအစည်းအဝေးဖြစ်လာမည်ဖြစ်သည်။

ထိပ်သီးအစည်းအဝေးသို့ အိန္ဒိယ၊ တရုတ်၊ ကာဇက်စတန်၊ ကာဂျစ္စတန်၊ ပါကစ္စတန်၊ ရုရှား၊ တာဂျစ်ကစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံများမှ ခေါင်းဆောင်များ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ အီရန်နိုင်ငံသည် ကိုးနိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာမည်ဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## ပြင်သစ်နိုင်ငံအနောက်တောင်ပိုင်း၌ မြေဟက်တာ ၃၂၀၀ ကျော် တောမီးလောင်ကျွမ်း

**ပါရီ စက်တင်ဘာ ၁၄**

ပြင်သစ်နိုင်ငံ အနောက်တောင်ပိုင်း၌ စက်တင်ဘာ ၁၂ ရက်မှစတင်ကာ ဖြစ်ပွားခဲ့သည့် တောမီးလောင်ကျွမ်းမှုကြောင့် မြေဟက်တာ ၃၂၀၀ ကျော် ပျက်စီးမှုရှိခဲ့ပြီး လူပေါင်း ၈၄၀ ကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဂျီရွန်ဒီစီရင်စု အစိုးရက ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ရန် ဂျီရွန်ဒီစီရင်စုနှင့် အခြားသော မီးသတ်ဌာနများမှ မီးသတ်သမား ၉၀၀ ကျော်သည်လည်း စုရုံးရောက်ရှိကာ ငြိမ်းသတ်နေပြီဖြစ်ကြောင်း သိရသည်။ ထို့ပြင် အရေးပေါ် ကူညီကယ်ဆယ်ရေးများ ဆောင်ရွက်ရန် နီးစပ်ရာနယ်မြေများအား တောင်းဆိုထားကြောင်း ဂျီရွန်ဒီစီရင်စု အစိုးရက ပြောကြားခဲ့သည်။



ပြင်သစ်နိုင်ငံ၌ ယခုနွေရာသီကာလအတွင်း ခြောက်သွေ့သော ရာသီဥတုနှင့် အပူလှိုင်းများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဂျီရွန်ဒီစီရင်စုအတွင်း မြေဟက်တာ ၃၀၀၀၀ ကျော် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း ဒေသတွင်းမီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

■




## ဂျပန်နိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းပိုင်းရပ်စ် ကူးစက်မှုကာကွယ်ရန် ကာကွယ်ဆေးထိုးမှုအစီအစဉ်ကို လာမည့်ရက်သတ္တပတ်တွင် စတင်မည်

**တိုကျို စက်တင်ဘာ ၁၄**

ဂျပန်နိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းပိုင်းရပ်စ်ကူးစက်မှုကို ခုခံကာကွယ်ရန် ကာကွယ်ဆေးထိုးမှုအစီအစဉ်ကို လာမည့်ရက်သတ္တပတ်တွင် စတင်မည်ဖြစ်ကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

နှစ်သစ်ကူးအားလပ်ရက်များတွင် ရောဂါကူးစက်မှု မြင့်တက်လာမည်ကို ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

ယင်းကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် အမေရိကန်ဆေးဝါးကုမ္ပဏီများဖြစ်သည့် Pfizer နှင့် Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို အသုံးပြုသွားမည်ဖြစ်သည်။

အဆိုပါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ကျန်းမာရေးဝန်ကြီးဌာန ဆေးဘက်ဆိုင်ရာကျွမ်းကျင်အဖွဲ့က ယမန်နေ့တွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံမှုခံယူပြီးသည့် အသက်(၁၂)နှစ်နှင့်အထက် ပြည်သူအားလုံးသည် ယခုကာကွယ်ဆေးထိုးနှံမှုကို ခံယူရမည်ဖြစ်သည်။

သက်ကြီးရွယ်အိုများနှင့် ကျန်းမာရေးဝန်ထမ်းများသည် အဆိုပါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်၏ ဦးစားပေးစာရင်းတွင် ပါဝင်ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို စက်တင်ဘာ ၂၀ ရက်တွင် စတင်မည်ဖြစ်ပြီး အောက်တိုဘာလလယ်ပိုင်းအထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

အိုမီခရွန်ကာကွယ်ဆေးကို သုံးကြိမ်မြောက် ထိုးနှံမှုခံယူပြီးသူများလည်း စတုတ္ထအကြိမ်အဖြစ် ထိုးနှံမှုခံယူရမည်ဖြစ်သည်။

Pfizer နှင့် Moderna ကာကွယ်ဆေးများသည် အိုမီခရွန်ဗီဇပြောင်းပိုင်းရပ်စ်ခုခံကာကွယ်ရာတွင် အစွမ်းထက်ကြောင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါလက္ခဏာများခံစားရမှုကို တားဆီးနိုင်ကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်**

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၄ ဦး ထပ်မံသေဆုံး

**မနီလာ စက်တင်ဘာ ၁၄**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၄ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၂၄၁၆ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၇၀၉ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၉၁၃၄၈၇ ဦးရှိကြောင်း သိရသည်။



လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၄၁၃၉ ဦး ရှိသည်။

ရောဂါထပ်မံ ကူးစက်ခံရသူများအနက် ၆၅၅ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ် ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၇၂ ဒသမ ၇ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## တောင်ကိုရီးယားနိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ တစ်သိန်းနီးပါးအထိ ထပ်မံမြင့်တက်လာ

**ဆိုးလ် စက်တင်ဘာ ၁၄**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၃၉၈၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် တစ်သိန်းနီးပါးအထိ မြင့်တက်လာခဲ့ပြီး နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၂၄၁၉၃၀၃၈ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

ပြီးခဲ့သည့်သီတင်းပတ်အတွင်းက တောင်ကိုရီးယားနိုင်ငံ၌ နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက်သည် ပျမ်းမျှ ၅၇၀၀၀ ကျော်သာရှိခဲ့ကြောင်းလည်း သိရသည်။ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၃၀၄ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၀ ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူစုစုပေါင်း ၂၇၅၉၃ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အဆိုပါကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူအရေအတွက်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း၏ သုည ဒသမ ၁၁ ရာခိုင်နှုန်းရှိကြောင်းသိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ် သင်တန်းများဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)
ကြေညာချက်

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) တွင် အောက်ဖော်ပြပါအတိုင်း သင်တန်းများ ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | သင်တန်းနှစ် | ဖွင့်လှစ်မည့်နေ့ရက် |
|---|---|---|
| (က) | ဒုတိယနှစ်သင်တန်း (ပထမနှစ်ဝက်) | ၁၅-၉-၂၀၂၂ |
| ( ခ ) | တတိယနှစ်သင်တန်း (ပထမနှစ်ဝက်) | ၁၅-၉-၂၀၂၂ |
| ( ဂ ) | စတုတ္ထနှစ်သင်တန်း (ဒုတိယနှစ်ဝက်) | ၄-၁၀-၂၀၂၂ |

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

# တာချီလိတ်မြို့နယ်၌ ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၅၀ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၅၀ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



စိုင်းဆိုင်လူအား သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၂ ရက် ညနေ ၄ နာရီခွဲတွင် ရှမ်းပြည်နယ် (အရှေ့ ပိုင်း) တာချီလိတ်မြို့နယ် မယ်ဟုတ် (ရွာသစ်) ကျေးရွာအနီးတွင် မယ်ယန်းကျေးရွာမှ မယ်ဟုတ် (ရွာသစ်)ဘက်သို့ စိုင်းဆိုင်လူ မောင်းနှင်လာသည့် ယာဉ်ကို သတင်းအရ စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးပြီး လမ်းဘေးခြံစည်းရိုးအုတ်တံတိုင်းကို တိုက်မိ၍ ရပ်တန့်သွားသဖြင့် ထိန်းသိမ်းစစ်ဆေးရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၅၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**❍ ဘိုင်ယန်မြူးနစ်အသင်းမှ**

ဘိုင်ယန်မြူးနစ်အသင်းဟာ ဘာစီလိုနာအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် မိနစ် ၅၀ မှာ လူးကက်ဟာနန်ဒက်ဇ်နဲ့ ၅၄ မိနစ်မှာ ဆာနေတို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ဘာစီလိုနာအသင်းတိုက်စစ်မှူး လီဝန်ဒိုစကီးဟာ အသင်းဟောင်းနဲ့ ပြန်လည်တွေ့ဆုံရခြင်းဖြစ်ပြီး အခြားပွဲစဉ်တွေမှာ ဘာစီလိုနာအသင်းအတွက် ဂိုးသွင်းယူနိုင်ခဲ့ပေမယ့် အခုပွဲစဉ်မှာတော့ ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ပွဲကစားချိန် ၁၇ မိနစ်မှာ ရရှိခဲ့တဲ့ ဆာလာရဲ့သွင်းဂိုး၊ ၈၉ မိနစ်မှာ ရရှိခဲ့တဲ့ မာတစ်ရဲ့သွင်းဂိုးတွေနဲ့ အေဂျက်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး အေဂျက်အသင်းအတွက် ချေပဂိုး တစ်ဂိုးကိုတော့ ၂၇ မိနစ်မှာ ကူဒက်စ်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ တိုက်စစ်မှူး ဆာလာဟာ အခုပွဲစဉ်မှာ ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် လီဗာပူးအသင်းနဲ့အတူ ချန်ပီယံလိဂ်သွင်းဂိုး ၃၄ ဂိုးရှိလာခဲ့ပြီဖြစ်ပါတယ်။

အက်သလက်တီကိုမက်ဒရစ်အသင်းကတော့ လေဗာကူဆင်အသင်းရဲ့ အိမ်ကွင်းမှာ သွားရောက်ကစားခဲ့ရပြီး နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပြီး စပါးအသင်းကလည်း စပို့တင်းလစ္စဘွန်းအသင်းရဲ့ အိမ်ကွင်းမှာ နှစ်ဂိုးပြတ် ရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။ စပါးအသင်းဟာ စပို့တင်းလစ္စဘွန်းအသင်းကို အကောင်းဆုံးယှဉ်ပြိုင်ကစားနိုင်ခဲ့ပေမယ့် ပွဲကစားချိန် မိနစ် ၉၀ နဲ့ ၉၃ မိနစ်တို့မှာ ခွင့်ပြုပေးလိုက်ရတဲ့ သွင်းဂိုးနှစ်ဂိုးကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ရတာဖြစ်ပါတယ်။

အခြားသောပွဲစဉ်တွေမှာ ကလပ်ဘရုဂျ်အသင်းက ပေါ်တိုအသင်းကို လေးဂိုး-ဂိုးမရှိ၊ အင်တာမီလန်အသင်းက ဗစ်တိုးရီးယားပယ်လ်ဇန်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဖရန့်ဖက်အသင်းက မာဆေးလ်အသင်းကို တစ်ဂိုး-ဂိုးမရှိ စသဖြင့် အသီးသီးနိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

# ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ ဓာတ်ခွဲစစ်ဆေးခဲ့သော အစားအသောက်နမူနာများအနက်မှ စားသုံးရန်မသင့်ဟု စစ်ဆေးတွေ့ရှိသည့် အစားအသောက်နမူနာစာရင်း

| စဉ် | အစားအသောက်အမျိုးအစား | အမှတ်တံဆိပ်နှင့် ထုပ်ပိုးပုံအရွယ်အစား | စစ်ဆေးတွေ့ရှိမှု | ပစ္စည်းနမူနာပုံစံ | ကောက်ယူခဲ့သည့်နေရာ |
|---|---|---|---|---|---|
| ၁ | မက်မန်းယို | ရွှေအုပ် (Plastic Pack) | Benzoic acid နှင့် Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည် |  | မြို့မဈေး၊ ချောက်မြို့၊ မကွေးတိုင်းဒေသကြီး။ |
| ၂ | ဆီးယို | ကောင်းဟိန်း (20g/Plastic Pack) | Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | မြို့မဈေး၊ ချောက်မြို့၊ မကွေးတိုင်းဒေသကြီး။ |
| ၃ | မက်မန်းသီး (အနီ) | ဘုရင်မ (Plastic Pack) | Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | မြို့မဈေး၊ ချောက်မြို့၊ မကွေးတိုင်းဒေသကြီး။ |
| ၄ | မန်ကျည်းဖလိတ် | (ရုပ်ပုံပါ) (Plastic Pack) | ခွင့်မပြုဆိုးဆေး Rhodamine B ပါဝင်နေပါသည်။ |  | ပတ္တမြားဈေး၊ ဆိပ်ဖြူမြို့၊ မကွေးတိုင်းဒေသကြီး။ |
| ၅ | သရက်ယို | 123 (Plastic Pack) | Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | ပတ္တမြားဈေး၊ ဆိပ်ဖြူမြို့၊ မကွေးတိုင်းဒေသကြီး။ |
| ၆ | ဆီးသီးယို | Hong Yuan (CLASSICS SERIES) (Plastic Pack) | Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | သရက်မြို့၊ မြို့မဈေး၊ မကွေးတိုင်းဒေသကြီး။ |
| ၇ | မက်မန်းနီ | MK (Plastic Pack) | Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | သရက်မြို့၊ မြို့မဈေး၊ မကွေးတိုင်းဒေသကြီး။ |
| ၈ | Heart Jelly | ASA(Kisses You) (40g/Plastic Pack) | Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | သရက်မြို့၊ မြို့မဈေး၊ မကွေးတိုင်းဒေသကြီး။ |
| ၉ | Bubble Gum | LANTERN (650g/Plastic Bottle) | ခွင့်မပြုဆိုးဆေး Orange II ပါဝင်နေပါသည်။ |  | သရက်မြို့၊ မြို့မဈေး၊ မကွေးတိုင်းဒေသကြီး။ |
| ၁၀ | အချိုရည် | Fruity (200ml/ Plastic Cup) | Benzoic acid နှင့် Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည် |  | သရက်မြို့၊ မြို့မဈေး၊ မကွေးတိုင်းဒေသကြီး။ |

(ဆက်လက်ဖော်ပြပါမည်)

# တာမွေမြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၃ နာရီခွဲတွင် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ခေမာသီရိလမ်းတွင် သော်ဇင်ထက် မောင်းနှင်ပြီး ဝေဇင်ဖြိုးလိုက်ပါလာသည့်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီတွင် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် အမှတ်(၃)ရပ်ကွက်နေ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချခိုင်းသူ မောင်ကြည်ကို ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား** ■

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အိုးဘိုကျေးရွာနေ နန္ဒဇော်ထိုက်ဝင်းသည် ၎င်းအသုံးပြုသည့် “Nanda Zaw Htike Win” Facebook အကောင့်၊ ညောင်ဦးမြို့နယ် အမှတ်(၄)ရပ်ကွက်နေ ပြည့်ဖြိုးကျော်(ခ) ဆိတ်ထွားသည် ၎င်းအသုံးပြုသည့် “Pyai Phyo Kyaw” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သာယာကုန်းရှမ်းကျေးရွာနေ နေလင်းသည် ၎င်းအသုံးပြုသည့် “Nay Linn” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း



**ဘားအံ စက်တင်ဘာ ၁၄**

(၃၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ အမှတ် (၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မှုးယစ်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များသည် အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီခန့်က ပြည်နယ်ပြည်သူ့ဆေးရုံကြီး(ဘားအံ) သွေးလှူဘဏ်ဌာန၌ စုပေါင်းသွေးလှူဒါန်းကြသည်။

စုပေါင်းသွေးလှူဒါန်းခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်နှင့် တာဝန်ရှိသူများက ကြက်ဥနှင့် အချိုရည်များကိုလည်းကောင်း၊ သွေးလှူဘဏ်တာဝန်ခံ ဒေါက်တာဖုန်းမိုးဝင်းက အားဆေးနှင့်ကြက်ဥများကို လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



(၃၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်ဇော်ထွန်း၊ ဒုတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဆန်းဝင်းတို့သည် စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက ပုသိမ်မြို့ အမှတ်(၈)နယ်မြေ မဟာတဂေါင်းမင်္ဂလာစေတီကြီး၌ ပုသိမ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး တင်ထွန်းအောင်နှင့် တိုင်းအရန်၊ တိုင်းအကူနှင့် ရုံးအဖွဲ့စာရေးများ၊ ယာဉ်ထိန်းရဲနှင့် နယ်မြေရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မဟာစေတီဝင်းအတွင်းရှိ ပေါင်းမြက်ချုံနွယ်များ ရှင်းလင်းခြင်း၊ အမှိုက်များစွန့်ပစ်ခြင်းများ ဆောင်ရွက်စဉ်။ **သတင်းစဉ်**

## ပဲခူးမြို့၌ ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းဖွင့်

**ပဲခူး စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၌ ရပ်ရွာအခြေပြုလူကုန်ကူးမှု စိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းကို ယမန်နေ့ နံနက် ၉ နာရီက ပဲခူးမြို့ရှိအမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ အမှတ်(၃)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ရဲမှူး မောင်မောင်ဝင်းက အရှေ့အလယ်ပိုင်းနိုင်ငံများသို့ နှစ်နိုင်ငံသဘောတူညီချက်အရ တရားဝင်အလုပ်လုပ်ကိုင်ရန် စေလွှတ်မှုမရှိကြောင်း၊ မြန်မာအမျိုးသမီးများအား အဆိုပါနိုင်ငံများတွင် အိမ်အကူလုပ်ရန်အတွက် တရားမဝင်အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများမှ လိမ်လည်ပို့ဆောင်လျက်ရှိကြောင်း၊ အရှေ့အလယ်ပိုင်းနိုင်ငံများသို့ သွားရောက်မည်ဆိုပါက အဆိုပါဒေသ၏ အခြေအနေမှန်အား ကြိုတင်လေ့လာထားရှိရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် ဒုတိယရဲမှူး ခင်မာဝင်းက လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့ ဖွဲ့စည်းပုံလုပ်ငန်းတာဝန်များ၊ လူကုန်ကူးမှုအမျိုးအစားများ၊ လူကုန်ကူးမှုဖြစ်ပွားရခြင်း အကြောင်းရင်းများနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၁၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



(၃၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၁ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကျော်ကျော်လွင်နှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးကျော်စိန်ဝင်းတို့ ဦးဆောင်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့ဝင် ၃၅ ဦးက ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ပြည်သူ့ဆေးရုံဝင်း အတွင်း၊ အပြင်တို့အား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ **ကိုမင်း(ပြန်/ဆက်)**

## အင်္ဂပူမြို့နယ်ရှိ သဘာဝရေပြင် (ကညင်ချောင်း)အတွင်း ငါးမျိုးစိုက်ထည့်

**အင်္ဂပူ စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ပန်းတင်ကျေးရွာရှိ သဘာဝရေပြင်(ကညင်ချောင်း)အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကို ယနေ့နံနက်ပိုင်းက အင်္ဂပူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းကို ဟင်္သာတခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးပိုင်၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ သက်ဆိုင်ရာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ စုပေါင်းပြီး ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၂၆၀၀၀၀ တို့ကို သဘာဝရေပြင်(ကညင်ချောင်း)အတွင်းသို့ မျိုးစိုက်ထည့်ခဲ့ကြသည်။

အင်္ဂပူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် စားသုံးနိုင်ရေးနှင့် ငါးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန် ရည်ရွယ်ပြီး အင်္ဂပူမြို့နယ်အတွင်းရှိ သဘာဝရေပြင်များအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဒုတိယအကြိမ်မြောက်အဖြစ် ငါးမျိုးစိုက်ထည့်ပေးခြင်းဖြစ်ကြောင်း သိရသည်။



**မန်းကျော်(ပြန်/ဆက်)**



(၃၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၄ ရက် နံနက် ၇ နာရီက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ မြသိန်းတန်ဘုရားကြီး ပရိယတ္တိစာသင်တိုက်၌ ထန်းတပင်မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ခင်စိုး ဦးစီး၍ ရဲတပ်ဖွဲ့ဝင် ၃၀ တို့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ **ဇင်မင်းထိုက်(ထန်းတပင်)**

☆ **ကျောဖုံးမှ**

ပွဲစကတည်းက အပြန်အလှန်ကစားနိုင်ခဲ့ပြီး ၃၂ မိနစ်တွင် ဧရာဝတီနောက်ခံလူပင်နယ်တီဧရိယာအတွင်း လက်ထိသည်ဟုဆိုကာ ကွင်းလယ်ဒိုင်က ပင်နယ်တီပေးခဲ့ပြီး ဧရာဝတီအသင်း ယင်းဖြစ်ရပ်အပေါ် ကျေနပ်မှုမရှိသဖြင့် စောဒကတက်ခဲ့ရာ ၁၀ မိနစ်ဝန်းကျင် ပွဲရပ်နားပြီးမှ ပြန်လည်စတင်နိုင်ခဲ့သည်။ ယင်းပင်နယ်တီကို ရဲရင့်အောင်က ကန်သွင်းခဲ့သဖြင့် ရတနာပုံအသင်း ဦးဆောင်ဂိုးရခဲ့သည်။ ၄၅+၁ မိနစ်တွင် ရတနာပုံအသင်း ပင်နယ်တီဧရိယာထိပ်၌ ရရှိသည့် ပြစ်ဒဏ်ဘောကို ရန်ကျော်ထွေးက ကန်သွင်းယူခဲ့သဖြင့် ဧရာဝတီအသင်း ချေပဂိုးရရှိကာ ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။ ၅၇ မိနစ်တွင် ဧရာဝတီအသင်း အနိုင်ဂိုးရရှိခဲ့ကာ ရာဇာအောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။

ယခုပွဲအပြီးတွင် ဧရာဝတီအသင်းက ၁၁ ပွဲကစား ရမှတ် ၂၀၊ ရတနာပုံအသင်းက ၁၁ ပွဲကစား ရမှတ် ၁၇ မှတ် ရရှိထားသည်။ ပွဲစဉ် (၁၁) နောက်ဆုံးနေ့ကို စက်တင်ဘာ ၁၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြဝတီအသင်းနှင့် မဟာယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ကိုညီလေး၊ ခတ်ပုံ – MNL**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၂၀ | ၂၄၇၀ | ၂၄၆၀ | ၂၄၃၀ | ၂၄၆၅ | ၂၄၉၀ | ၂၄၇၅ | ၂၄၅၅ | ၂၅၄၅ | ၂၅၆၀ | ၂၄၆၀ | ၂၄၇၀ | ၂၅၀၀ | ၂၅၀၅ | ၂၅၀၅ | ၂၇၂၅ | ၃၁၆၀ |
| 95 Ron | ၂၅၁၅ | ၂၅၆၀ | ၂၅၆၀ | ၂၅၂၀ | ၂၅၆၀ | ၂၅၈၀ | ၂၅၆၅ | ၂၅၄၅ | ၂၆၄၀ | ၂၆၅၅ | ၂၅၅၀ | ၂၅၇၀ | ၂၅၉၅ | ၂၅၉၅ | ၂၆၀၀ | ၂၈၁၅ | ၃၂၂၅ |
| HSD (500 ppm) | ၂၈၃၀ | ၂၈၈၀ | ၂၈၇၅ | ၂၈၄၀ | ၂၈၇၅ | ၂၉၀၀ | ၂၈၉၅ | ၂၈၆၅ | ၂၉၇၅ | ၂၉၇၀ | ၂၈၇၀ | ၂၈၈၀ | ၂၉၃၀ | ၂၉၁၅ | ၂၉၁၅ | ၃၁၃၅ | ၃၈၉၅ |
| HSD (50 ppm) | ၂၉၁၅ | ၂၉၆၅ | ၂၉၆၀ | ၂၉၂၅ | ၂၉၆၀ | ၂၉၈၅ | ၂၉၈၀ | ၂၉၅၀ | ၃၀၆၀ | ၃၀၅၅ | ၂၉၅၅ | ၂၉၆၅ | ၂၉၉၅ | ၃၀၀၀ | ၃၀၀၀ | ၃၂၂၀ | ၃၉၃၀ |
| HSD (10 ppm) | ၂၉၁၅ | ၂၉၆၅ | ၂၉၆၀ | ၂၉၂၅ | ၂၉၆၀ | ၂၉၈၅ | ၂၉၈၀ | ၂၉၅၀ | ၃၀၆၀ | ၃၀၅၅ | ၂၉၅၅ | ၂၉၆၅ | ၂၉၉၅ | ၃၀၀၀ | ၃၀၀၀ | ၃၂၂၀ | ၃၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၁၁ | ၂၃၉၀ |
| 95 Ron | ၂၄၀၀ | ၂၄၈၂ |
| HSD (500 ppm) | ၂၇၁၁ | ၂၇၉၄ |
| HSD (50 ppm) | ၂၇၉၁ | ၂၈၇၆ |
| HSD (10 ppm) | ၂၇၉၁ | ၂၈၇၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## "(၃၈)ဖြာမင်္ဂလာအစီအစဉ်" ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

**နေပြည်တော် စက်တင်ဘာ ၁၄**

လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာဗဟုသုတ တိုးပွားစေရန်အပြင် ဓာတ်သဘင်ကြိုက်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် "(၃၈)ဖြာမင်္ဂလာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်မှစတင်၍ အပတ်စဉ်စနေနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ည ၈ နာရီသတင်းအပြီးတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ (၃၈)ဖြာမင်္ဂလာ အစီအစဉ်များအနက် ဘဝတိုးတက်ရေးအတွက် အဆုံးအမများစွာပါဝင်သည့် **အရိယသစ္စာနဒဿနံ (အရိယသစ္စာတရား လေးပါးကို သိမြင်ခြင်း)**အစီအစဉ်ကို စက်တင်ဘာ ၁၇ ရက် စနေနေ့ ည ၉ နာရီတွင် ဆက်လက်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် ရွှေနန်းတင်မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန် ဓူဝံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နက္ခတ်၊ ထက်မြတ်အောင်၊ ရန်ရှင်းမောင်၊ ဓာတ်လင်း၊ ဖွေးဖွေး၊ ပန်းကဗျာနှင့် သဘင်ပညာရှင်များ၊ အနုပညာရှင်များ ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို စက်တင်ဘာ ၂၁ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီ သတင်းအပြီး၌ ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှုအစီအစဉ် လူ့ရှင်တော်အသင်းမှမိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

**နေပြည်တော် စက်တင်ဘာ ၁၄**

သုတဝေဖြာသီရိဂေဟာမိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၈၃)ကို စက်တင်ဘာ ၁၆ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။




အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှု အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ရဲထိုက်နှင့် ဖြူဖြူခိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို စက်တင်ဘာ ၁၆ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD မှ ညနေ ၆ နာရီသတင်းအပြီးတွင် ထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## "တူယှဉ်နွဲ့ပျော်ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ Season-2 အုပ်စု(ခ) ပွဲစဉ်(၃)ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

**နေပြည်တော် စက်တင်ဘာ ၁၄**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲ့ပျော် ဂီတပွဲတော်" Season-2 သီချင်းဆိုပြိုင်ပွဲကို ပွဲစဉ်(၁၈) ပွဲဖြင့် စက်တင်ဘာ ၂ ရက်မှစတင်ပြီး အပတ်စဉ် သောကြာနေ့ညတိုင်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များအဖြစ် ထပ်ဆင့်အကယ်ဒမီချိုပြုံး၊ စန္ဒရားမျိုးနိုင်နှင့် တေးသံရှင်ခိုင်ဝါတို့က ဆောင်ရွက်ကြမည်ဖြစ်ပြီး မြန်မာ့အသံတေးဂီတအဖွဲ့နှင့် တွဲဖက်၍ သရုပ်ဆောင်/တေးသံရှင်များဖြစ်ကြသည့် ဝေလျှံနှင့် သဉ္ဇာမြင့်မိုရ်တို့က အစီအစဉ်တင်ဆက်သူများအဖြစ် ဆောင်ရွက်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့် ပြိုင်ပွဲဝင်သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ ပြိုင်ပွဲ၏ ပွဲစဉ်(၃) ပထမဆင့် (Level -1) အုပ်စု(ခ)ပွဲစဉ်ကို စက်တင်ဘာ ၁၆ ရက်(သောကြာနေ့)ညတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ကချင်ပြည်နယ်မှ ထင်ဇေးအောင်၊ ရခိုင်ပြည်နယ်မှ ပန်းအိန္ဒယ်၊ ပဲခူးတိုင်းဒေသကြီးမှ မြတ်ကေခိုင်၊ ချင်းပြည်နယ်မှ မြင့်မြတ်သူ၊ မွန်ပြည်နယ်မှ အေးသက်ထားဇော်၊ မန္တလေးတိုင်းဒေသကြီးမှ သုနှင်းစံ၊ မကွေးတိုင်းဒေသကြီးမှ မြတ်နိုးစံ၊ ရှမ်းပြည်နယ်မှ အိုင်းစံနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ထွန်းပပအောင် စုစုပေါင်းပြိုင်ပွဲဝင် ကိုးဦးတို့၏




ပြဋ္ဌာန်းတေးသီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ကြပုံများကို ယင်းနေ့ည ၈ နာရီ သတင်းများအပြီးတွင် MRTV - HD မှ တိုက်ရိုက် Live ရိုက်ကူး ထုတ်လွှင့်သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့တင်ဆက်မှုကို စက်တင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့)နံနက် ၁၀ နာရီခန့်တွင် ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၃-၉-၂၀၂၂ ရက်နေ့မှအဆက်

"မော်...ဒါမျိုးကို မနောက်ရဘူး။ ဒါက အောက်တန်းစား ဆင်းရဲသားအပြုအမူမျိုး၊ ပညာတတ်တွေ လုပ်ရတာမျိုး မဟုတ်ဘူး။ လူယဉ်ကျေးတွေဆိုတာ သူများလွတ်လပ်ခွင့်ကို မနှောင့်ယှက်ရဘူး။ နားလည်လား"

"မယဉ်ကျေးချင်နေပါ၊ မော်တို့တော့ စားချင်တာရှိ စားလိုက်မယ်၊ ကြည့်ချင်တာရှိရင် ကြည့်လိုက်မယ်။ ပြောချင်တာရှိရင်လည်း ပြောမှာပဲ"

'မ' သည် အိပ်ရာပေါ်သို့ အသာလှဲလိုက်ရင်း မော်၏ နဖူးဆံစကလေးများကို ပွတ်လိုက်သည်။

"မော်... အိပ်တော့ကွယ်၊ ဆယ်နာရီတောင် ခွဲပြီးပြီ"

"ဟုတ်တယ်၊ ဒီကောင်မလေးဟာ အိပ်ချိန်မမှန် စားချိန်မမှန်နဲ့ စည်းကမ်းကို ပျက်နေတယ်"

မော်သည် စူအောင့်အောင့်ဖြင့် သူ့ခုတင်တွင် ပစ်လှဲလိုက်သည်။

'မ' က အပေါ်မီးကို ပိတ်လိုက်ပြီးလျှင် မီးပြာကလေးကို ထွန်းလိုက်သည်။

မော်သည် ခြေရင်းမှစောင်ကို ဆွဲ၍ခြုံလိုက်ပြီးလျှင် ခြင်ထောင်ကို ချလိုက်သည်။

ပြီးမှ မွန့်ကို ခပ်တိုးတိုး လှမ်းခေါ်လိုက်သည်။

"မွန်...."

"ဘာလဲ"

"ယောကျ်ားယူတယ်ဆိုတာ ဘာလို့ယူကြတာလဲ၊ မယူဘဲနေလို့မရဘူးလား"

"မော်....အိပ်စမ်းကွယ်၊ မနက်မှပြော"

"မော် သိချင်လို့မေးတာပါ မွန်ရာ၊ တကယ်ပြောစမ်းပါ၊ မိန်းမတွေဟာ လင်မယူဘဲ နေလို့မရဘူးလား ဟင်"

"ရတော့ရတာပေါ့ကွယ်၊ ဒါပေမဲ့ သတ္တဗေဒအရ လင်ယူတယ်။ ဒါ သွေးသားတောင်းဆိုမှုလည်း ပါတယ်။ လူမှုဝိဇ္ဇာအရ အသွင်တူတဲ့လူချင်း ဆက်ဆံတဲ့သဘောလည်းပါတယ်။ ဒါဟာ ကမ္ဘာ့နိယာမပဲကွဲ့။ မိန်းမတွေ လင်မယူဘဲနေရင် လူသားတွေအတွက် မျိုးဆက် မပြန့်ပွားတော့ဘူးပေါ့"

"သြော် ... ဒါကြောင့်ကိုး။ ဒါဖြင့် ယောကျ်ားနဲ့မိန်းမ ဖက်နမ်းကြတာရော၊ ဘာအရသာရှိလဲဟင်။ ခု ဗစ်တာနဲ့ မွန်နဲ့ .."

"တော်တော့....တော်တော့၊ ဒီကောင်မလေး စကားကောင်းကို ပြောလို့မရဘူး"

"မော်ရယ်... 'မ' တောင်းပန်ပါတယ်ကွယ်။ ဒီလိုညမျိုးဆိုရင် မွန်ဟာ သူ့စိတ်ကူးနဲ့သူ လွတ်လွတ်လပ်လပ် အိပ်ပါစေကွယ်"

'မ' က ဝင်ပြီးတောင်းပန်လိုက်မှပင် မော်သည် ငြိမ်၍သွားလေသည်။

"ဘွာ...ဘွာ...နောက် မော်မပြောတော့ဘူး"

သည်တော့မှလည်း 'မ' တို့ အခန်းတစ်ခုလုံး တိတ်ဆိတ်၍သွားလေသည်။ 'မ' သည် မွန်၏ကိစ္စကို တွေးရင်းနှင့် စိတ်ထဲ၌ ဝမ်းနည်းသလို ဖြစ်မိသည်။

အတူတူနေလာကြသော ညီအစ်မသုံးယောက် အနက်က တစ်ယောက်က ခုလို ခွဲထွက်သွားမည် ဆိုသောအခါ စိတ်ထဲတွင် လွမ်းသလို ဆွေးသလို ဖြစ်မိသည်။ 'မ' မျက်စိထဲတွင်ကား ဗစ်တာနှင့် မွန်တို့၏ ပြုံးရွှင်သောမျက်နှာကလေးကို မြင်ယောင်မိသည်။ မွန်သည် ခုနေအခါ၌ တစ်သက်နှင့်တစ်ကိုယ် အပျော်ဆုံးအချိန် ဖြစ်ပေလိမ့်မည်။

မွန့်အတွက် တစ်သက်တာလုံး ပေါင်းဖက်သွားရမည့် အဖော်သစ်ကို တွေ့ရှိ၍ ပျော်မည်ဖြစ်သော်လည်း 'မ' အတွက်ကား အချစ်ဆုံး ညီအစ်မသုံးယောက်ထဲမှ တစ်ယောက်က ခွဲထွက်သွားမည့်အဖြစ်ကို တွေးရင်း ရင်ထဲ၌ တဆတ်ဆတ်နာ၍လာသည်။ ဤကိစ္စမျိုးသည် လူ့ဘဝတွင် ရှောင်၍မရမှန်း 'မ' ကိုယ်တိုင် နားလည်ခဲ့သော်လည်း ကိုယ်တိုင်ကြုံတွေ့ခဲ့ရသောအခါ စိတ်ကို ဖြေ၍မရတော့ချေ။ 'မ' သည် စိတ်ကို အတတ်နိုင်ဆုံး တင်း၍ထားသော်လည်း မျက်ရည်များက တလိမ့်လိမ့် စီးကျလာသည်။ တစ်ချက်တစ်ချက် ရှိုက်သံကလေးများပင် ပေါ်၍လာသည်။

မွန်သည် ခြင်ထောင်ကို မ၍ 'မ' ဘက်သို့ စိုးရိမ်တကြီး လှမ်းကြည့်သည်။

"'မ' ရေ.... 'မ'၊ ဘာဖြစ်တာလဲဟင်"

'မ' သည် ငိုသံပါမည်စိုး၍ ရုတ်တရက် ပြန်၍ မဖြေနိုင်ရှာပေ။ စိတ်ကိုတင်း၍ ဆက်၍မငိုမိအောင် ချုပ်တည်းလိုက်သည်။ ဤသို့ချုပ်တည်းလိုက်မှ ပို၍ ဝမ်းနည်းလာသည်။ ရှိုက်သံကလေးများက ဆောင့်၍ဆောင့်၍ ထွက်လာသည်။

"'မ'ရေ....'မ'၊ မင်း ဘာဖြစ်တာလဲ၊ မွန့်ကြောင့် မင်း ငိုနေရပြီထင်တယ်။"

"မဟုတ်ပါဘူးကွာ၊ 'မ' ဘာဖြစ်မှန်းမသိဘူး၊ 'မ' ငိုချင်တယ်။ 'မ' အားရပါးရ ငိုချင်တယ်"

မွန်သည် 'မ' ခုတင်ဘေးတွင် ဒူးထောက်၍ထိုင်လိုက်သည်။ ခြင်ထောင်ကို မ၍ 'မ' ပါးကလေးများကို စမ်းလိုက်သည်။

'မ' ၏ ပါးမို့မို့ဝယ် မျက်ရည်များက တလိမ့်လိမ့် စီးဆင်း၍လာသည်။

"မွန့်အတွက် ငါ့ညီမ စိတ်ထိခိုက်ရတာကို မွန် တောင်းပန်ပါတယ်။ မွန်လေ အများကြီးစဉ်းစားပါတယ်။ ဒါပေမဲ့ ဒီကိစ္စမျိုးဟာ အချိန်ဆွဲလေ မိန်းကလေးဘက်က နာလေပဲ။ ဒါကြောင့် မွန် ခုလို မြန်မြန်ဆန်ဆန် လုပ်လိုက်တာပါကွယ်။ တကယ်တော့ မွန်လည်း ဒီညီမတွေနဲ့ ဘယ်ခွဲချင်မလဲ။ မွန်လေစိတ်ခိုင်တယ်ဆိုပေမယ့် မင်းတို့နဲ့ခွဲရမှာကိုတော့ တွေးတိုင်း ဝမ်းနည်းပါတယ်ကွယ်"

မွန့်အသံသည် တုန်ယင်လာသည်။ မျက်ရည်များလည်း ဝဲ၍လာလေသည်။

'မ' သည် မွန့်ကိုကြည့်ရင်း ဖက်လိုက်သည်။

"မွန် မငိုပါနဲ့ကွယ်။ 'မ' တို့အတွက်သာ အစ်မတစ်ယောက်နဲ့ ခွဲရမှာမို့ ငိုစရာဖြစ်ပေမယ့် မွန့်အတွက် မင်္ဂလာတစ်ခုပါကွယ်။ ချစ်ရမယ့်လူတစ်ယောက် တိုးတာဟာ ပျော်စရာကြီးပါ။ 'မ' ငိုမိတာကို တောင်းပန်ပါတယ်"

"မွန်လည်း တစ်ပိုင်းက ပျော်ပေမယ့် မင်းတို့နဲ့ ခွဲရမှာတော့ ဝမ်းနည်းတာပဲ...သိလား။ မွန် ငိုချင်တယ်"

'မ' သည် မွန်၏ မျက်ရည်စကလေးများကို သုတ်ပေးလိုက်ပြီးလျှင် မွန့်ပါးကို နမ်းလိုက်သည်။

"'မ' မငိုတော့ဘူး မွန်၊ 'မ' နားလည်ပါတယ်၊ ဖြေလို့ရပါတယ်။ မွန်သာ အိပ်ပါတော့ကွယ်၊ 'မ'လည်း အိပ်တော့မယ်"

မွန်သည် 'မ' နှင့် ပါးချင်းကပ်လိုက်ပြီးလျှင် သူ့ခုတင်ဆီသို့ ထသွားလေသည်။

'မ'သည် စောင်ကိုဆွဲခြုံလိုက်ရင်း အိပ်ရန် ကြိုးစားလိုက်သည်။ အိပ်၍ကား မရ။

သူ့စိတ်များသည် မီးခိုးလို လွင့်ပါး၍သွားလေသည်။

[ ၅ ]

ကနေ့ မော့်မွေးနေ့ ဖြစ်သည်။ အိမ်ရှိလူကုန် အလုပ်များနေကြသည်။

အစားအသောက်အတွက် စီစဉ်သူက စီစဉ်ကြရသည်။ ဧည့်ခန်းကို ပြင်ဆင်သူက ပြင်ဆင်ကြရသည်။ တစ်အိမ်လုံး မော့်အသံနှင့်ပင် ဆူညံလျက်ရှိသည်။

ကိုဘခက်သည် တစ်နေကုန် အခန်းထဲမှ မထွက်တော့ပေ။ ဧည့်ခန်းကို ထွက်လာလျှင် အနေရ အထိုင်ရ ခက်လှသည်။ အိမ်ရှိလူကုန် အလုပ်များနေသည့်ကြားက တစ်ယောက်တည်း အကြောင်သား ငုတ်တုတ်ထိုင်နေ၍လည်း မဖြစ်။

လုပ်စရာရှိသည်ကို ဝင်လုပ်မည်ဆိုပြန်တော့လည်း ဘာလုပ်ရမှန်းမသိ။ သူတို့လုပ်နေကြသော အလုပ်ကိုလည်း နားမလည်။

စန္ဒရားကို ဘယ်နေရာ ထားမည်၊ စားသောက်ဖို့ နေရာ မည်သို့ဖြစ်မည်။

ခေတ်ပုံကို မည်သို့ပြင်၍ချိတ်မည်... စသည်တို့ဖြင့် မအားနိုင်အောင် ရှိတော့သည်။

တစ်ခါတစ်ရံ အမေနှင့်သမီး သဘောတစ်မျိုးစီ ဖြစ်နေကြပြန်သည်။

မော်က သူ့ခေတ်ပုံကို စန္ဒရားဘေးရှိ နံရံတွင် ချိတ်လိုက်သည်။ ဒေါ်ခင်မျိုးသန့်က မိသားစုတွေ ခေတ်ပုံကို အဝင်ပေါက်မှမြင်ရသော နံရံတွင် ချိတ်လိုသည်။

သို့နှင့် တဆူဆူဖြစ်နေကြသည်။ မွန်က ဝင်ဖျန်ဖြေပေးရသည်။ ဒေါ်ခင်မျိုးသန့် အကြိုက်လည်း ဖြစ်အောင် မော်၏သဘောကျလည်းဖြစ်အောင် တစ်မျိုးစီစဉ်ပေးရသည်။

သည်အထဲတွင် ဗစ်တာတို့လူသိုက်က ရောက်လာကြပြန်သည်။ ပန်းစက္ကူများနှင့် ပူဖောင်းများကို သယ်လာကြသည်။ အပေါ်မျက်နှာစာကို လှအောင် သွယ်တန်းချိတ်ဆွဲကြပြန်သည်။ ဗစ်တာနှင့်မွန်သည် တဆူဆူ ငြင်းတတ်ကြသည်။

ဦးကျော်ဒင်သည် မျက်စိနောက်၍လားမသိ၊ အောက်ထပ်သို့ တစ်နေကုန် ဆင်းမလာတော့ချေ။ ဆင်းလာလျှင်လည်း ထမင်းစား၊ ရေသောက်ရုံသာ ဆင်းလာသည်။ ပြီးလျှင် စာအုပ်တစ်အုပ်နှင့်သာ အပေါ်ထပ်သို့ တက်သွားလေသည်။

'မ' တစ်ယောက်ကမူ ခပ်အေးအေးပင် လုပ်စရာရှိသည်ကိုပင် လုပ်နေတတ်သည်။

ဘာကိုမျှ ဝင်၍မပြောရှာပေ။ သူ့အလုပ်နှင့်သူ တကုပ်ကုပ် လုပ်နေတတ်သည်။

ညနေပိုင်းသို့ရောက်လျှင် ဧည့်သည်များ တဖြည်းဖြည်း ရောက်၍လာသည်။

မော်သည် ကိုဘခက်၏ အခန်းပေါက်ဝမှရပ်၍ အပြင်ထွက်ရန် အတင်းခေါ်နေတော့သည်။

"ဆရာ ...လာပါဆရာရဲ့။ မိန်းကလေးကျနေတာပဲ၊ အခန်းထဲမှာ တစ်နေကုန် အောင်းနေလိုက်တာ။ အပြင်က ဧည့်သည်တွေကို ထွက်ပြီးဧည့်ခံပါဦး"

ကိုဘခက်သည် မနေသာတော့ပေ။ အခန်းတွင်းမှ ထွက်ခဲ့ရတော့သည်။ မော်သည် ကိုဘခက်ကို ဧည့်ဝိုင်းတစ်ဝိုင်းအနားသို့ ခေါ်သွားလေသည်။

ထိုဝိုင်းတွင် လူစုံရှိကြသည်။ မွန်၊ 'မ'၊ ဗစ်တာတို့ တစ်သိုက်လုံး ရှိကြသည်။

"ဟောဒီမှာ မော်တို့ဆရာနဲ့ မိတ်ဆက်ပေးရဦးမယ် ကိုခင်မောင်ဖြူ၊ ဒါ မော်တို့ဆရာ ကိုဘခက်တဲ့။ အားလုံးတီးတတ်တယ်။ စန္ဒရား၊ တယော၊ စောင်း အားလုံးတီးနိုင်တယ်"

"ဆရာ...အဲ့ဒါက မော့်သူငယ်ချင်း ကိုခင်မောင်ဖြူတဲ့။ ဘီအေအထက်တန်းမှာ အဆိုကျော်ပေါ့"

ကိုဘခက်သည် ကိုခင်မောင်ဖြူအား ပြုံး၍နှုတ်ဆက်လိုက်သည်။ ကိုခင်မောင်ဖြူက နေရာမှထ၍ လက်ကမ်းလိုက်သည်။ ကိုဘခက်သည် သူ့လက်နှစ်ဖက်ကို နောက်သို့ပစ်လိုက်ပြီးလျှင် ပြုံး၍နှုတ်ဆက်လိုက်ပြန်သည်။

"ခုလိုသိရတာ ဝမ်းသာပါတယ်ခင်ဗျာ"

ကိုခင်မောင်ဖြူသည် သူ့လက်ကို ရှက်ရှက်ဖြင့် ပြန်၍ရုပ်လိုက်ရသည်။ မော်က ကိုခင်မောင်ဖြူကို အားနာမိလေသည်။

"ဆရာက အင်ထရိုလုပ်ပေးလို့ တစ်ယောက်က လက်ကမ်းရင် လက်ဆွဲပြီး နှုတ်ဆက်ရတယ်"

ကိုဘခက်သည် မော့်ကို တစ်ချက်စိုက်ကြည့်လိုက်သည်။ ပြီးမှ မျက်နှာတည်တည်ဖြင့် ပြောလိုက်သည်။

"အေးကွယ်...တို့က ဒါမျိုးတွေကတော့ နားမလည်ဘူး။ တို့မြန်မာမျိုးရိုး အစဉ်အဆက်မှာတော့ ခုလို ထုံးစံမှ မရှိခဲ့ဘဲကိုး"

ဆက်လက်ဖော်ပြပါမည်။

"အတူတူနေလာကြသော ညီအစ်မသုံးယောက်အနက်က တစ်ယောက်က ခုလို ခွဲထွက်သွားမည်ဆိုသောအခါ စိတ်ထဲတွင် လွမ်းသလို ဆွေးသလို ဖြစ်မိသည်။ 'မ' မျက်စိထဲတွင်ကား ဗစ်တာနှင့် မွန်တို့၏ ပြုံးရွှင်သောမျက်နှာကလေးကို မြင်ယောင်မိသည်။ မွန်သည် ခုနေအခါ၌ တစ်သက်နှင့်တစ်ကိုယ် အပျော်ဆုံးအချိန် ဖြစ်ပေလိမ့်မည်။ မွန့်အတွက် တစ်သက်တာလုံး ပေါင်းဖက်သွားရမည့် အဖော်သစ်ကိုတွေ့ရှိ၍ ပျော်မည်ဖြစ်သော်လည်း 'မ' အတွက်ကား အချစ်ဆုံးညီအစ်မသုံးယောက်ထဲမှ တစ်ယောက်က ခွဲထွက်သွားမည့်အဖြစ်ကိုတွေးရင်း ရင်ထဲ၌..."

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြ ခြင်းဖြစ်ပါသည်။ **စာတည်း**

# လူရှေ့တိုင်းရင်းသားပုံပြင်များ

**မင်းသက်တင်**

### ငုံးရဲ့အမြီးဘာကြောင့်မရှိ

"မင်းရဲ့အမေက အလုပ်တွေအားလုံးလုပ်ပြီးရင် ခဏတစ်ဖြုတ် အိပ်စက်နားနေဖို့ မှာသွားတယ်"

"ဟုတ်တာပေါ့။ တစ်ရေးလောက် အိပ်စက်မှ တော်ပေတာပေါ့"

မျောက်ငယ်က ငုံးရဲ့အကြံအစည်နဲ့ပြောစကားကို သဘောရိုး အထင်မျိုးသာတွေးပြီး အိပ်ခန်းထဲသို့ ဝင်သွားတော့တယ်။

"ခုမှပဲအဆင်ပြေတော့တယ်၊ ဒီကောင်အိပ်နေတုန်း ပလွေကို ရအောင်ခိုးယူရမယ်"

ငုံးဟာ မျောက်ငယ်ရဲ့ ပလွေကိုလိုချင်တာကြောင့် အမျိုးမျိုးအကြံ ထုတ်နေခဲ့ရာ မျောက်ငယ်အိပ်နေစဉ်မှာ ပလွေကို ခိုးယူထွက်ပြေးဖို့ ကြိုးစားတာပေါ့ကွယ်။

"ဝါး''

"မင်းအိပ်တာ မြန်လှချေလား"

မျောက်ငယ်ဟာ ခဏဆို ခဏကလေးအကြာမှာသာ အိပ်စက်ရာက နိုးလာတာဖြစ်လို့ ငုံးရဲ့အကြံအစည် ပျက်ခဲ့ရပြန်တယ်။

"အဆွေတော် ငုံးရေ ကျေးဇူးပဲဗျာ၊ ခင်ဗျားသတိပေးလို့ ခဏ မှေးစက်လိုက်ရတာ အားရှိသွားတာပဲ။ တကယ်ကို ကျေးဇူးတင်ပါတယ်ဗျာ"

"ရပါတယ်ဗျာ၊ မိတ်ဆွေကောင်းဆိုတာ ကောင်းကျိုးရှိမယ့်အရာပဲ ပြောရတယ်မဟုတ်လား"

ငုံးက ခေါင်းတညိတ်ညိတ်နဲ့ ကျေနပ်နေလေရဲ့။ ငုံးက သူ့အကြံ မအောင်မြင်လို့ မျောက်ငယ်ကို နှုတ်ဆက်ကာ ထွက်သွားလေတယ်။

"အင်း သေချာစဉ်းစားကြည့်တော့ အဆွေတော်ငုံးက ငါ့ကို ကောင်းစေချင်လို့ အမေမှာကြားခဲ့တာတွေကို လာသတိပေးစကား ပြောခဲ့တာပဲ၊ မိတ်ဆွေကောင်းလို့ ဆိုရမှာပေါ့လေ"

မျောက်ငယ်ဟာ သဘောရိုးနဲ့တွေးကာ ငုံးရဲ့ လာရောက်သတိပေး ပြောဆိုခဲ့တဲ့စကားတွေကို ပြန်လည်ကြားယောင်နေမိတော့တယ်။

"မင်းအမေက မင်းကို ရေခပ်ထားဖို့ မှာခဲ့တယ်မဟုတ်လား"

"ဟုတ်တယ်လေ၊ ခုတော့ ရေခပ်ပြီးသွားပါပြီ"

ငုံးရဲ့အပြောကို မျောက်ငယ်ကပြန်ဖြေလိုက်ရာ ငုံးက ထပ်ပြောသည်။

"ကြက်ကလေးတွေကိုလည်း အစာကျွေးဖို့ မှာထားသေးတယ်နော်"



ငုံးဟာ မိခင်တစ်ဦးက သားငယ်တစ်ဦးကိုခိုင်းစေတတ်တဲ့ အရာမှန်သမျှကို အကြံအောင်မြင်တဲ့အထိ တစ်ခုမကျန်ပြောဆိုနေလေတယ်။ မျောက်ငယ်ကလည်း စေခိုင်းခဲ့သမျှသောအလုပ်အားလုံးကို လုပ်ဆောင်ပြီး ဖြစ်နေတာပေါ့ကွယ်။

ဒီတော့မှ ငုံးဟာ နောက်အကြံတစ်ခုရကာ မျောက်ငယ်ကို ခဏ အိပ်စက်ဖို့မိခင်ကမှာကြားခဲ့ကြောင်း သတိပေးစကားဆိုရာ မျောက်ငယ်က တကယ်ကိုခဏတစ်ဖြုတ်သာအိပ်စက်ခဲ့တာကြောင့် အကြံမအောင်ရှာဘဲ ငုံးခမျာ အကြံထုတ်ဖို့ မျောက်ငယ်အပါးကနေ ထွက်ခွာသွားတာဖြစ်တယ်ကွယ့်။

"အဆွေတော်ငုံးရေ ဒီကိုတမင်ပြန်လာတာလား"

အိမ်ရှေ့ကို ပြန်ရောက်လာတဲ့ငုံးကိုတွေ့လို့ မျောက်ငယ်က စကားဆိုလိုက်ရာ ငုံးကရရှိလာတဲ့အကြံကို အကောင်အထည်ဖော်ဖို့ အကွက်ချောင်းနေရင်း အလိုက်သင့်ပဲ ပြန်ပြောလိုက်လေတယ်။

"အဲဒီလိုပဲ ပြောရမှာပေါ့။ ဟိုနေ့က မင်းမှုတ်နေတဲ့ ပလွေလေးကို သတိရလို့ပါကွာ"

"ဒီပလွေကတော့ အသံသာတယ်ဗျ။ ကျွန်တော့်အကြိုက်ဆုံးလို့ ပြောရမယ်။ တောင်ပေါ်က ဦးလေးက လက်ဆောင်ပေးထားတာ"

"အေးလေကွာ ငါလည်းသဘောကျလို့ ခဏငှားပါလား"

"ငှားလို့ မဖြစ်ဘူး။ အမေက ဘယ်သူ့မှ မငှားရဘူးပြောထားတယ်"

မျောက်ငယ်ကလည်း သူ့ရဲ့ပလွေကို ငုံးကယူပြီးပျံသန်းပြေးသွားမှာကို စိုးရိမ်လို့ ငြင်းလိုက်တာပေါ့ကွယ်။

"ငါ့ကို ယုံပါကွာ။ ငါက ခဏလေးကိုင်ကြည့်ချင်တာ၊ ပြီးတော့လည်း အသံဘယ်လိုထွက်လည်းဆိုတာ လက်တွေ့မှုတ်ကြည့်ချင်တာပါ၊ တောင်းပန်ပါတယ်ကွာ ခဏတော့ ငှားပါလားကွာ"

ငုံးက တောင်းပန်တိုးလျှိုးပြောဆိုပေမယ့် ငုံးကတော့ စိုးရိမ်မှုကို မမျိုသိပ်နိုင်လို့ တွင်တွင်ငြင်းရှာတာပေါ့။

"ဒါဆို ဒီလိုလုပ်ကွာ၊ ငါ့အမြီးတွေကို မင်းကိုင်ထားလေ၊ မင်းရဲ့ ပလွေကို မင်းရှေ့မှာပဲ ငါကိုင်ကြည့်မယ်၊ ခဏတော့မှုတ်ကြည့်မယ်လေ ဖြစ်တယ်မဟုတ်လား"

မျောက်ငယ်က ခဏစဉ်းစားလိုက်ပြီး ငုံးရဲ့အမြီးတွေကို ကျစ်ကျစ်ပါအောင်ဆွဲကိုင်ထားကာ ပလွေကိုလည်း ငုံးရဲ့ လက်ထဲကို ထည့်ပေးလိုက်လေရဲ့။ ငုံးကလည်း ပလွေကို မှုတ်ကြည့်နေရာမှ အပိုင်လိုချင်တဲ့စိတ်နဲ့ လောဘတက်လာတာကြောင့် အားကုန်ရုန်းထွက်ကာ အဝေးကို ပျံပြေးသွားလေရာ ငုံးရဲ့အမြီးတွေက မျောက်ငယ်ရဲ့လက်ထဲမှာ ကျန်ရစ်ခဲ့တော့တာပေါ့ကွယ်။

"ငါ့ရဲ့အမြီးတွေကို ပြန်ပေးပါကွာ၊ မင်းရဲ့ပလွေကလည်း အတော်လေး မှုတ်လို့ကောင်းနေလို့ ဆက်ပြီးတော့ ယူထားပါရစေဦးနော်"

"အဆွေတော်ရဲ့ အမြီးတွေကို ပြန်လိုချင်ရင် ပလွေနဲ့အတူ ယပ်တောင်ရှစ်ခု ပြန်ပေးရမယ်၊ သဘောတူရင် လာယူလို့ရပါတယ်"

ငုံးက စဉ်းစားတဲ့အခါ ပလွေကိုပြန်ပေးရုံတင်မဟုတ်ဘဲ ယပ်တောင်ရှစ်ခုလည်းထပ်ပေးရဦးမယ်ဆိုတော့ ရှိပါစေတော့၊ အမြီးမရှိတာ ကြည့်မကောင်းပေမယ့်လည်း နေလို့ရနေတာပဲလေလို့ တွေးကာ မျောက်ငယ်ဆီကို ပြန်မသွားတော့ဘူးတဲ့ကွယ်။

အဲဒီအချိန်ကစပြီး ငုံးတွေမှာလည်း အမြီးမရှိဘဲ ရှင်သန်နေရတော့တာပေါ့ကွယ်။ ။

# တိုင်းရင်းသားရိုးရာစကားထာညာဏ်စမ်းများ

**တက္ကသိုလ်သျှင်ရတနာ**

### မြန်မာကရင်စကားထာ

ရှေးလွန်လေပြီးသောအခါက ရာမညတိုင်း ဒေသအတွင်းရှိ ကျေးရွာတစ်ရွာတွင် ဗညားနှင့် လဂွန်းအိမ်ဟူသည့် သူငယ်ချင်းနှစ်ဦး ရှိလေသည်။ သူတို့သည် ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ကျောင်းအိပ် ကျောင်းစားဖြင့် ပညာသင်ယူလျက် ရှိသည်။

ရွာဦးကျောင်းဆရာတော်ကြီးသည် မွန် တိုင်းရင်းသားဆရာတော်ကြီးဖြစ်ပြီး စာပေကျမ်းဂန်များကို ကျွမ်းကျင်နှံ့စပ်သည့် ဆရာတော်ကြီးအဖြစ် ထင်ရှားသည်။

ဗညားနှင့် လဂွန်းအိမ်တို့သည် အားလပ်ချိန်များတွင် ဘုန်းကြီးကျောင်း၏တောင်ဘက်ရှိ မန်ကျည်းပင်ကြီးအောက်တွင် ဆော့ကစားလေ့ရှိသည်။

"ဗညားရေ ညာဏ်စမ်းပဟေဠိမေးခွန်းမေးဖို့ အချိန်ကျပြီ"

"အချိန်ကျရင်လည်း မေးတော့လေကွာ"

လဂွန်းအိမ်၏ စကားကို ဗညားက ပြန်ပြောလိုက်ခြင်းဖြစ်သည်။

"မေးပြီ ဗညားရေ၊ 'အညှာမရှိတဲ့အသီး' ဆိုတာ ဘာများလဲ"

ဗညားတစ်ယောက် လဂွန်းအိမ်၏ ညာဏ်စမ်းအမေးကို နှစ်ခေါက်၊ သုံးခေါက် ရွတ်ဆိုကြည့်နေသော်လည်း အဖြေကားချက်ချင်းမထွက်နိုင် ဖြစ်နေရသည်။

"ဖြေမယ်နော်သူငယ်ချင်း၊ စဉ်းစားနေတုန်းမို့လို့"

"ရပါတယ် ဗညားရာ။ စဉ်းစားပေါ့။ အချိန်တော့ မဆွဲနဲ့ကွာ။ စဉ်းစားမရရင်လည်း အားမနာနဲ့ ပန်းပေးလိုက်ပေါ့၊ အဖြေကတော့ ရှိပြီးသားပါ"

လဂွန်းအိမ်က ဗညားကိုမထိတထိ လှမ်းပြောလိုက်ပြီး မြက်ခင်းစိမ်းစိမ်းပေါ်သို့ ပစ်လှဲချလိုက်သည်။

"ဝိုး တော်ပါသေးရဲ့ လဂွန်းအိမ်ရာ။ စဉ်းစားလို့ရပြီဟေ့။ ဖြေလိုက်တော့မယ် သူငယ်ချင်းရေ့၊ မေးခွန်းက 'အညှာမရှိတဲ့အသီး' ဆိုတော့ အဖြေက 'ကြက်ဥ၊ ဘဲဥ'ကို ပြောတာပေါ့။ မြန်မာကရင် တိုင်းရင်းသားရိုးရာစကားထာညာဏ်စမ်းတွေထဲကပါပဲ"

"မှန်ပါ့ကွာ မှန်ပါတယ်။ တော်လိုက်တာ သူငယ်ချင်းရာ"

"ဒီတစ်ခါ ငါမေးရမယ့်အလှည့်ပေါ့"

"မေးပါသူငယ်ချင်း မေးလိုက်စမ်းပါ"

ဗညားက မေးမည့်စကားထာညာဏ်စမ်းကို အသံတိတ်ရေရွတ်ရင်း မန်ကျည်းပင်ကြီးကို ကျောမှီလိုက်သည်။ ပြီးမှ ဖြည်းဖြည်းချင်းပြောလေသည်။

"လဂွန်းအိမ်ရေ မေးပြီနော် 'နွားမတစ်အုပ် တိုင်မှာတုပ်'ဆိုတာ ဘာလဲကွာ"

"ဟိုးဘုရားရေ၊ သူငယ်ချင်းမေးခွန်းက အဆန်း ပါလား။ လွယ်မလိုနဲ့ ခက်နေရောလေ"

"အဖြေက လွယ်ပါတယ်ကွာ။ စဉ်းစားမရရင် တော့ ပန်းပေးလိုက်လေ သူငယ်ချင်း"

လဂွန်းအိမ်ကို ဗညားက လေသံတိုးတိုးဖြင့် ခနဲ့ပြောပြောလိုက်ခြင်းဖြစ်သည်။

"ကြိုးစားဖြေပါ့မယ်ဗညားရာ။ မြန်မာကရင် တိုင်းရင်းသားရိုးရာ စကားထာညာဏ်စမ်းထဲကပဲ ဆိုတာ အရင်ဖြေလိုက်မယ်။ မေးထားတဲ့ မေးခွန်းက ဘာတဲ့ 'နွားမတစ်အုပ်တိုင်မှာတုပ်' လို့ မေးထားတာ ဆိုတော့ အဖြေက 'သဘော်ပင်နဲ့ သဘော်သီး'ပေါ့ကွာ ဟုတ်တယ်ဟုတ်"

လဂွန်းအိမ်၏အဖြေကြောင့်ဗညားတစ်ယောက် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြောလာသည်။

"မှန်ပါတယ် သူငယ်ချင်းရာ မှန်ပါတယ်။ ငါမေးရမယ့်အလှည့်ပြန်ရောက်လာလို့ မေးလိုက်ဦး မယ်"

"မေးလေ သူငယ်ချင်းမေးပါ၊ ဖြေဖို့ အသင့်ပါပဲ"

"မေးပြီကွာ 'ဖိနပ်စီးလျက် သစ်ပင်တက်သည်' တဲ့ အဲဒါဘာလဲ ဖြေပေးပါ"

ဗညား၏မေးခွန်းကို လဂွန်းအိမ်က စဉ်းစား မနေတော့ဘဲ တစ်ခါတည်း ဆိုလိုက်တော့သည်။

"ဗညားရာ မင်းမေးခွန်းက ရှင်းနေပြီးသားပဲ၊ 'ဖိနပ်စီးလျက် သစ်ပင်တက်သည်' ဆိုတော့ ဖိနပ် ချွတ်ပြီးတက်တာနေမှာပေါ့။ ဟင်းဟင်း မစဉ်းစားဘဲ ဖြေလိုက်ရရင် မှားများနေမလားပဲ။ ကြာပါတယ်ကွာ တစ်ခါတည်းပဲ ဖြေလိုက်ပါတော့မယ်။ အဖြေက 'ခရု' ဆိုတဲ့သတ္တဝါပေါ့။ မြန်မာကရင်တိုင်းရင်းသား ရိုးရာစကားထာတွေထဲက ဖြစ်ပါတယ်ဗျား"

လဂွန်းအိမ်က ဗညားကိုနောက်ပြောင်ကျီစယ် လိုက်ပြီး ဖြည်းဖြည်းချင်းဖြေလိုက်ရာ ဗညား တစ်ယောက် ပါးစပ်အဟောင်းသားဖြစ်သွားရသည်။ လဂွန်းအိမ်၏အဖြေကား တိကျသေချာမှုရှိပြီး အမှန်ကန်ဆုံးဖြေကြားနိုင်လိုက်သည့် အဖြေစကားဖြစ်နေသောကြောင့်ပင်။

"တော်လိုက်တာ သူငယ်ချင်းရာ။ အဖြေကမှန်ရုံ တင်မကဘူး တိကျမှန်ကန်သေချာနေတော့ ဘာမှ ပြောစရာမရှိတော့ပါဘူး၊ လွယ်လင့်တကူဖြေဆိုနိုင်တာ ဂုဏ်ယူပါတယ်ကွာ"

ထိုအချိန်တွင် နာရီမောင်းလေးချက်တီးသည့် အသံက ဘုန်းကြီးကျောင်းမှ ထွက်ပေါ်လာရာ ညနေပိုင်း ရေချိုးရန် အချက်ပေးသံဖြစ်နေသဖြင့် ဗညားနှင့် လဂွန်းအိမ်တို့နှစ်ဦး ဘုန်းကြီးကျောင်း ပေါ်သို့ အပြေးတစ်ပိုင်းဖြင့် တက်သွားကြလေတော့ သည်။ ။

ဝတ္ထုတို

# အမေ့စကား

ကောင်းစစ်လင်း

"ဘူဘော်၊ ဘူဘော်၊ ဘူဘော်"

ရောဝတီသင်္ဘောကြီးက ဆိပ်ကမ်းက ခွာရန်တာဆူနေသည်။ အမေနှင့်ကျွန်တော် လှုပ်လီလှုပ်လဲ့ သင်္ဘောကုန်းပေါင်ပေါ်တွင် ခပ်သွက်သွက်လျှောက်ရင်း နှစ်ထပ်သင်္ဘောကြီးပေါ်သို့ ရောက်လာသည်။

"ရန်ကုန်ရောက်ရင် ငါတို့ဆီကို စာရေးလိုက်ဦးနော်"

အောင်ဘော်ကြီးက လှမ်းအော်ပြောသည်။ လိုက်ပို့ကြသည့် ဆွေမျိုးများက ကမ်းနဖူးမှာရပ်နေရင်း ငေးကြည့်နေကြသည်။ ကျွန်တော်ကား အမေ၏လက်ကိုသာ တင်းတင်းဆုပ်ကိုင်ထားမိသည်။ ဥဩသံအဆုံးမှာ သင်္ဘောကြီးက ဆိပ်ကမ်းမှ စတင်ထွက်ခွာတော့သည်။

"ကြီးနီစုကျေးရွာမှ နှုတ်ခွန်းဆက်သပါသည်"

ဟူသည့်သင်္ဘောဆိပ်မှ နှုတ်ဆက်ဆိုင်းဘုတ်ကြီးကို လှမ်းမြင်နေရသည်။ ကျွန်တော်သည် လိုက်ပါပို့ဆောင်ကြသည့်ဆွေမျိုးများကို လက်ပြနေစဉ်မှာပင် နှစ်ထပ်သင်္ဘောကြီးက ရွာဆိပ်ကမ်းက ထွက်ခွာနေပြီဖြစ်သည်။ ကျွန်တော့်မျက်နှာပြင် တစ်ခုလုံး မျက်ရည်တို့ဖြင့် ရွှဲရွှဲစိုနေတော့၏။

ကျွန်တော်၏ ပထမဆုံးရန်ကုန်ခရီးစဉ်ပင်ဖြစ်သည်။ ဖြစ်စဉ်များက ရုပ်ရှင်ပြကွက်အလား တစ်ကွက်ချင်း ပြန်ပေါ်လာတော့သည်။ နှစ်ထပ်သင်္ဘောကြီး



ပေါ်တွင် ခရီးသည်များကအပြည့်။ ညနေပိုင်းနေဝင်ချိန်သို့ ရောက်လာချိန်တွင် ရွာကသူငယ်ချင်းများနှင့် ဆွေမျိုးများကို သတိတရလွမ်းဆွတ်မိသည်။ အမေကား တတွတ်တွတ်နှင့် ဘုရားစာများ ရွတ်ဖတ်နေသည်ထင်၏။ လသာသည့်ညဖြစ်ခြင်းကြောင့် မြစ်ရေပြင်ကျယ်က လရောင်အစွမ်းဖြင့် တလက်လက်တောက်ပနေသည်။ သင်္ဘောကြီးမှာကား တရွေ့ရွေ့ခုတ်မောင်းနေ၏။

"သားရေထတော့ ရန်ကုန်ဘက်ကို နီးလာပြီ" အမေကပြောပြောဆိုဆို ခြုံစောင်ကို ခေါက်နေသည်။ ကျွန်တော်လည်း လူးလဲကာထထိုင်လိုက်မိသည်။

"အမေ၊ ဒီမြစ်ကကျဉ်းတယ်နော်"

"ဒါမြစ်မဟုတ်ဘူး သားရဲ့။ တူးမြောင်းလေ တွံတေးတူးမြောင်းလို့ခေါ်တယ်"

ရန်ကုန်သို့တစ်ခေါက်မျှ မရောက်ဖူးသည့် ထိုစဉ်က ကျေးလက်တောရွာလေးတွင် နေထိုင်ရသည့် ကျောင်းသားတစ်ယောက်၏ပြင်ပဗဟုသုတအားနည်းခဲ့ရသည့်အဖြစ်။ ကြားဖူးနားဝရှိသည့်တိုင် တူးမြောင်းဆိုသည်ကို မတွေ့ဖူး၊ မမြင်ဖူးခဲ့။ ယခုမှသာ တူးမြောင်းထဲတွင် ဖြတ်သန်းနေရသည်ကို တအံ့တဩဖြစ်နေရသည်။

"ဟိုမှာကြည့်စမ်း၊ ရွှေတိဂုံဘုရားကြီးကို မြင်နေရပြီ" အမေညွှန်ပြရာသို့ လှမ်းကြည့်လိုက်စဉ်တွင် ရွှေရောင်ဝင်းဝါနေသည့် ရွှေတိဂုံစေတီတော်ကြီးက တအံ့တဩ ဖူးတွေ့ရသည်။ တွေ့တွေ့ချင်း၊ မြင်မြင်ချင်းပင် လက်အုပ်ချီမိုးရှိခိုးကန်တော့လိုက်မိသည်။ အမေပြောပြောနေသည့် ရွှေတိဂုံဘုရားကြီးကို ခုချိန်မှသာ မျက်ဝါးထင်ထင် မြင်တွေ့ဖူးမြော်ခွင့်ရရှိရသည်ကိုလည်း ကျေနပ်နေမိတော့သည်။

"ဆိပ်ကမ်း ကပ်တော့မယ်နော်။ အမေ့လက်ကို မြဲမြဲတွဲထား။ လူကွဲသွားတတ်တယ်။ သင်္ဘောအဆင်းမှာ လူတွေများတယ်။ လူတွေက ရှုပ်နေတာ သတိထားဦးကြားလား"

"ဟုတ်ကဲ့ အမေ"

သင်္ဘောပေါ်ကဆင်းပြီး ရန်ကုန်ဆိပ်ကမ်းမြေပေါ်ကို နင်းမိသည့်အခါ အမေ့ကိုလာကြိုနေသည့် အမျိုးများကို တွေ့ရသည်။

"အဲဒါ အစ်ကိုနှစ်ယောက်ကောင်နဲ့ အငယ်ကောင်ပေါ့"

ကျွန်တော်နှင့် မတိမ်းမယိမ်း ညီအစ်ကိုနှစ်ယောက်ကို အမေက မိတ်ဆက်ပေးသဖြင့် ကျွန်တော်ကလည်း ဝမ်းပန်းတသာ ပြန်နှုတ်ဆက်ရာ လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုကြသည်။

"ဒါဟာ ရန်ကုန်ပေါ့နော်"

အလိုလို ပြောထွက်မိသွားသည့် ကျွန်တော့်စကားကို လာကြိုသည့် ညီအစ်ကိုနှစ်ယောက်က ပြုံးပြီး ခေါင်းညိတ်ပြကြသည်။

"အစ်ကိုတို့တိုက်က ဒီနားလေးပဲ နီးတယ်။ လမ်းလျှောက်သွားရုံပဲ"

အမေ၏ပြောစကားပင်။ ရန်ကုန်မော်တင်သင်္ဘောဆိပ်နှင့် လမ်းသစ်ရိပ်သာသည် အတော်နီးသည်။ လမ်းသစ်ရိပ်သာဟူသည် ဖဆပလခေတ်က နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၏ ပြည်တော်သာစီမံကိန်းအရ ဖြစ်ပေါ်လာသည့် အိမ်ရာဖြစ်ကြောင်း အမေပြောပြဖူးသဖြင့် သိခွင့်ရရှိခဲ့သည်။

"တိုက်ကြီးက ကြီးပြီးမြင့်တယ်နော်"

ကျွန်တော့်အတွက် အထူးအဆန်းသဖွယ်ဖြစ်နေရသည်။ မြို့ကြီးပြကြီး မရောက်ဖူးသည့် တောသားလေးဖြစ်ခြင်းကြောင့် မြင်ရတွေ့ရသည်တိုင်းက အထူးအဆန်းများပင် ဖြစ်နေရတော့သည်။ ကျွန်တော့်ဘဝ၏ ရန်ကုန်ရောက်စ အခြေအနေများပင်ဖြစ်သည်။

"အမေ ကျွန်တော်ရွာကို ပြန်လိုက်မယ်၊ ရွာမှာပဲ နေချင်တယ်။ အမေ ကျွန်တော့်ကို မထားခဲ့ပါနဲ့နော်"

အမေရွာသို့ပြန်မည့်နေ့က ရန်ကုန်မော်တင်သင်္ဘောဆိပ်မှာ ကျွန်တော်ပြောဖြစ်ခဲ့သည့်စကား။ ရန်ကုန်သို့ရောက်ပြီး တစ်ပတ်ခန့်ကြာသောအခါ အမေကရွာပြန်ရန် ပြင်ဆင်တော့သည်။ ရန်ကုန်တွင် ကျွန်တော် တစ်ယောက်တည်း ကျန်ရစ်ခဲ့တော့မည်ဟူသည့် အတွေးက ကျွန်တော့်ကိုအတော်လေး အခံရခက်စေကာ ကြိုတင်ပြီး အထီးကျန်ဆန်နေရသည်။ အမေကတော့ တည်တည်ငြိမ်ငြိမ်ဖြင့် ကျွန်တော့်ကို အားပေးစကားပြောရှာသည်။ **(ဆက်လက်ဖော်ပြပါမည်)**

# ချိုချင်းရိုးရာအမည်ပေးဓလေ့ ထူးခြားမှုများ

အမ်းမ်လောင်ရှို

ကန်ပက်လက်၊ မင်းတပ်နယ်ရှိချိုချင်းတို့သည် စည်းစနစ်ကျသော ပုံသေအမည်မှည့်ဓလေ့ကို ကျင့်သုံးကြသည်။ ထိုဓလေ့၏ ထူးခြားချက်များလည်းရှိပေသည်။

(၁)

ချိုချင်းတို့၏ အမည်ပေးဓလေ့သည် ရှေးပဝေသဏီကာလမှစ၍ ယခုကာလအထိ အလွန်ကြာရှည်သော ကာလအတွင်း ခိုင်မာမြဲမြံစွာ ကျင့်သုံးလျက်ရှိသော၊ လိုလားမြတ်နိုးထိန်းသိမ်းအပ်သော ဓလေ့ဖြစ်ပါသည်။

ဤအမည်ပေးဓလေ့ကို ကျင့်သုံးခဲ့ကြသော အခြားချင်းမျိုးနွယ်စုတို့က ထိုဓလေ့ကို စွန့်ပယ်ကြသော်လည်း ချိုချင်းတို့ကား ယခုတိုင် အမြတ်တနိုး ကျင့်သုံးထိန်းသိမ်းလျက်ရှိကြပါသည်။

(၂)

ချိုချင်းတို့၏ အမည်ပေးဓလေ့အရ လူတစ်ဦး၏ကိုယ်ပိုင်အမည်သည် အသံတစ်သံသာ ရှိသောအမည်ဖြစ်သည်။ ဥပမာ သားငါးဦး၏ ကိုယ်ပိုင်အမည်များမှာ (လိန်း) (အောင်) (ထန်း) (ဟုန်း) (နိုင်း) တို့ဖြစ်သည်။

(၃)

အမျိုးသားအမည်များနှင့် အမျိုးသမီးအမည်များကို သီးခြားသတ်မှတ်ထားသည်။ အမျိုးသားအမည်များကို အမျိုးသမီးအမည်များအဖြစ် မှည့်ခေါ်လေ့မရှိပါ။

အလားတူပင် အမျိုးသမီးအမည်များကိုလည်း အမျိုးသားအမည်များအဖြစ် မှည့်ခေါ်လေ့မရှိပါ။ ဦးခင်စိန် မှည့်သလို ဒေါ်ခင်စိန်ဟု မှည့်ခေါ်ခြင်းမျိုး ချိုချင်းဓလေ့၌မရှိပေ။ အမည်တွင် ကျား၊ မ ပေါ်လွင်ပြီးဖြစ်သောကြောင့် ကျား၊ မ ကို ဖော်ညွှန်းသော ( ဦး) ( ဒေါ်) အသုံးအနှုန်းမျိုး မရှိခဲ့ပေ။

(၄ )

အမျိုးသားများကို မှည့်ခေါ်လေ့ရှိသော အမည်များမှာ (လိန်း) (အောင်) (ထန်း) (ဟုန်း) (နိုင်း) ( ရှို) ( ကီး) (ခေါင ) (ဘူ) (ရှိန်း) (မောင်း) (ဖေ) (တမ်) (မာန်) စသည်တို့ဖြစ်သည်။ အခြားအမည်များလည်း ရှိနိုင်ပါသေးသည်။

(၅)

အမျိုးသမီးများကို မှည့်ခေါ်လေ့ရှိသော အမည်များမှာ (လှူး) (အွဲ) (တီး) (လိုင်း) (ရှင်း) (ငိုန်) (လီ) (ယ) ( ) ( ) ( ) ( ) ( ) ( ) တို့ဖြစ်သည်။

(၆)

ချိုချင်းအချို့ အထူးသဖြင့် ကန်ပက်လက်ဒေသ၌ အမည်ကိုအပြည့်အစုံခေါ်လျှင် ကိုယ်ပိုင်အမည်၏နောက်တွင် ဖခင်၏ ကိုယ်ပိုင်အမည်ကို ထည့်၍ ခေါ်လေ့ရှိကြသည်။ ဥပမာ (လိန်း) ဟု အမည်ရသောသူတွင် (အောင်) (ထန်း) (ဟုန်း) (နိုင်း) (ရှို)ဟု အမည်ရသော သားငါးဦးရှိသည်ဖြစ်လျှင် သားငါးဦး၏အမည်အပြည့်အစုံမှာ (အောင်လိန်း) (ထန်းလိန်း) (ဟုန်းလိန်း) (နိုင်းလိန်း) (ရှိုလိန်း)တို့ဖြစ်သည်။

(ဟုန်း) ဟု အမည်ရသောသူတွင် (တီး) (အွဲ) (လိုင်း) ဟု အမည်ရသော သမီးသုံးဦးရှိသည်ဖြစ်လျှင် သမီးသုံးဦး၏အမည်အပြည့်အစုံမှာ (တီးဟုန်း) (အွဲဟုန်း) (လိုင်းဟုန်း) တို့ဖြစ်သည်။

(၇)

ချိုချင်းအချို့ အထူးသဖြင့် မင်းတပ်ဒေသ၌ အမည်ကိုအပြည့်အစုံခေါ်လျှင် ကိုယ်ပိုင်အမည်၏ရှေ့တွင် ဖခင်၏ကိုယ်ပိုင်အမည်ကိုထည့်၍ ခေါ်လေ့ရှိကြသည်။ ဥပမာ (လိန်း ) ဟု အမည်ရသောသူတွင် (အောင်) (ထန်း) (ဟုန်း) (နိုင်း) (ရှို)ဟု အမည်ရသော သားငါးဦးရှိသည်ဖြစ်လျှင် သားငါးဦး၏အမည်အပြည့်အစုံများမှာ (လိန်းအောင်) (လိန်းထန်း) (လိန်းဟုန်း) (လိန်းနိုင်း) (လိန်းရှို) တို့ဖြစ်သည်။

အချို့က အဘိုးအမည်ပါ ထည့်တတ်ကြရာ အဘိုးက (မာန်) ဖြစ်ပါက သားငါးဦး၏ အမည်အပြည့်အစုံတွင် (မာန်လိန်းအောင်) (မာန်လိန်းထန်း) (မာန်လိန်းဟုန်း) (မာန်လိန်းနိုင်း) (မာန်လိန်းရှို) ဟု ဖြစ်သွားမည်။

ဤဓလေ့သည် ပျူခေတ်အမည်ပေးဓလေ့နှင့် ဆင်တူကြောင်း ထူးခြားစွာ တွေ့ရသည်။ ပျူခေတ်တွင် ကြီးစဉ်ငယ်လိုက်အမည်ပေးဓလေ့မှာ (ပျူစောထီး) (ထီးမင်းယဉ်) (ယဉ်မင်းပိုက်) (ပိုက်သေလည်) (သေလည်ကြောင်) (ကြောင်ဒူရစ်) (ဒူရစ်ထန်) စသည်ဖြင့် ရှိခဲ့ပြီးဖြစ်သည်။

ထို့အပြင်(ဟုန်း ) ဟု အမည်ရသောသူတွင် (တီး) (အွဲ) (လိုင်း) ဟု အမည်ရသော သမီးသုံးဦးရှိသည်ဖြစ်လျှင် သမီးသုံးဦး၏အမည်အပြည့်အစုံမှာ (ဟုန်းတီး) (ဟုန်းအွဲ) (ဟုန်းလိုင်း) တို့ဖြစ်သည်။

(၈)

ရွာတစ်ရွာတည်းတွင် အမည်တူများရှိနေတတ်သည်။ ထိုအခါ မျိုးနွယ်ကိုလိုက်၍ ခွဲခြားခေါ်ဝေါ်ခြင်းမျိုးရှိသည်။ ဥပမာ ဟုန်းနိုင်းနှစ်ဦးကို ယွိတူဟုန်းနိုင်းနှင့်အမ်းမ်လောင်းဟုန်းနိုင်းဟု ခေါ်ခြင်းဖြစ်သည်။ ယွိတူနှင့် အမ်းမ်လောင်းဟူသည်မှာ မျိုးနွယ်အမည်များဖြစ်သည်။

တစ်ခါတစ်ရံတွင် အသက်ကြီးခြင်းနှင့် ငယ်ခြင်းကို ခွဲခြားခေါ်ဝေါ်ကြသည်။ ဥပမာ ဟုန်းနိုင်းမှူး နှင့် ဟုန်းနိုင်းဝါးဟု ခေါ်ခြင်းမျိုးဖြစ်သည်။ (အမ်မှူး = အငယ်၊ အမ်ဝါး = အကြီး )

(၉)

သားများကို ကိုယ်ပိုင်အမည်မှည့်ရာတွင် ဖခင်၏ကိုယ်ပိုင်အမည်ကို မှည့်ခေါ်ခြင်းမျိုး မရှိပါ။သမီးများကို ကိုယ်ပိုင်အမည်မှည့်ရာတွင်လည်း မိခင်၏ကိုယ်ပိုင်အမည်ကို မှည့်ခေါ်ခြင်းမျိုးမရှိပါ။

(၁၀)

အမည်တူအချင်းချင်းသည် တစ်ဦးကိုတစ်ဦး (မိန်သွား) ဟု ခေါ်ဝေါ်လေ့ ရှိတတ်သည်။(မိန်သွား ) ဟူသည်မှာ ငါနှင့် အမည်တူသောသူဟု အဓိပ္ပာယ်ရသည်။ လိန်းထန်းအမည်ရ အဘိုးအိုနှင့်လိန်းနိုင်းအမည်ရ လူငယ်တို့သည် ကိုယ်ပိုင်အမည် (လိန်း) ချင်း တူသဖြင့် မိန်သွားဟု အပြန်အလှန်ခေါ်လေ့ရှိခြင်းမျိုးဖြစ်သည်။ အမည်တူတစ်ဦး၏ ထူးချွန်ဂုဏ်သတင်းအတွက်လည်း ဂုဏ်ယူဝမ်းမြောက်လေ့ရှိတတ်ကြသည်။

ဥပမာ ဟုန်းထန်းက လုံယူပွဲကြီးကျင်းပနိုင်သောအခါ ဟုန်းအွမ်က (ဟုန်း အမည်ချင်း တူကြသဖြင့်)ငါတို့ ဟုန်း အမည်ရှင်တွေဟာ အဲသလို စွမ်းတာကွဟု ဂုဏ်ယူပြောဆိုတတ်ကြသည်။ စနေသားတစ်ဦး အမည်ကျော်သောအခါ အခြားစနေသားတစ်ဦးက ငါတို့စနေသားတွေ တော်တယ်လေဟု စနေသားအချင်းချင်းဂုဏ်ယူခြင်းမျိုးဖြစ်သည်။ ။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရွှေမိုးကောင်းအဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ်(E)၊ တိုက်ခန်းအမှတ်(၈၀၂)၊ တိုက်ခန်းအပါအဝင် ၎င်းတိုက်ခန်းနှင့် ဆက်စပ်ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရောက်ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်သော ဦးအောင်သန်း[၁၂/ရကန(နိုင်)၀၅၂၆၀၅]၊ ဒေါ်ခင်ခင်ဝင်း [၁၂/ရကန(နိုင်)၀၅၆၉၃၇]၊ ဒေါ်ခင်ခင်စန်း[၁၂/ဗတထ(နိုင်)၀၂၃၇၆၅]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးသန်းစိန်[၁၂/ဗဟန(နိုင်)၀၄၁၈၈၄]၊ ဒေါ်နှင်းနှင်းဦး [၁၂/ရကန(နိုင်)၀၂၅၆၇၉]တို့က အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ(၇) ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ် ငွေပေးချေ၍ အရောင်းအဝယ်ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာငြိမ်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၀၁)**
**အမှတ်(၇၉၃)၊ စာဂ (၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၀၉-၂၅၁၀၁၂၅၃၀**

---

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၄) ရပ်ကွက်၊ ကွမ်းခြံ (၄)လမ်း၊ တတိယထပ်၊ ( ဝဲ-ဆောင်စန်း ) အမှတ် ( ၂၈ ) အကျယ်အဝန်း (အလျား ၁၂½ပေ × အနံ ၅၀ပေ) ရှိသော တိုက်ခန်းနှင့်စပ်လျဉ်း၍

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းအား တရားဝင်ဝယ်ယူလက်ဝယ်ပိုင်ဆိုင်ထားသော ပိုင်ရှင်ဖြစ်သူ ဒေါ်နီနီထွေး (၁၄/ဓနဖ (နိုင်) ၀၃၆၇၁၃) မှရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်စရံငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ် စောစန္ဒီစိမ့် (စဉ်-၁၇၅၂၁)
တရားလွှတ်တော်ရှေ့နေ
အမှတ် (၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၂၃၇၀၁၈၃၅ ၊ ၀၉ ၇၉၆၅၄၁၁၄၆

---

## သက်ဆိုင်သူများ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ နောင်ရိုးလမ်း၊ မြေကွက်အမှတ်(၁၈၉)ဟုခေါ်တွင်သော ဦးကြည်ဇင် (MKN-၀၅၀၈၆၃) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအမျိုးအစား အကျယ်အဝန်း (အလျား၄၁ပေxအနံ၆၀ပေ)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော (ခြေရင်းခြမ်း)၊ အကျယ်အဝန်း (အလျား ၂၀ပေxအနံ ၆၀ပေ)ရှိ ဝင်းမြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်အေးအေးသန်း [၁၂/ဥကတ(နိုင်)၀၅၅၂၃၂]က ဒေါ်မြင့်မြင့်သိန်းထံမှ အရောင်းအဝယ်အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရှိထားကာ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ခင်စိန် [၁၂/ဥကတ(နိုင်)၀၂၂၅၀၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ဝင်းမြေနှင့်တကွ ယင်းဝင်းမြေပေါ်ရှိ အဆောက်အဦနှင့် ပတ်သက်သော ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်း(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇင်လင်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၄၄)**
**09-986252417, 09-400462518**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀) ရပ်ကွက်၊ ၄၆လမ်း (အထက်)၊ အမှတ်(၁၄၈)၊ ၄-လွှာ(ဝဲ)၊ အကျယ်အဝန်း (၁၂ ၁/၂' x၆၀') ရှိ တိုက်ခန်းအား လက်ရှိပိုင်ဆိုင်သူ ဒေါ်အေးအေးလွင် [၁၂/မဂတ(နိုင်)၀၁၀၂၆၈,K/RGN-၀၁၆၅၈၁]ထံမှ ကျွန်ုပ်ဒေါ်ဝါဝါစိုး [၈/မသန(နိုင်)၀၈၁၈၀၈] မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသောကြောင့် အဆိုပါ တိုက်ခန်းနှင့် ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်မာသော စာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းများယူဆောင်၍ ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အတည်ပြုဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ဝါဝါစိုး[၈/မသန(နိုင်)၀၈၁၈၀၈]**
**ဖုန်း ၀၉-၇၄၀ ၉၁၇၂၆၆**

---

## “အမှတ်တံဆိပ်အသိပေးကြေညာခြင်း”

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင် (၁)လမ်း၊ (၅)လွှာ၊ အမှတ်-(၁၀/၁၂)တွင် တည်ရှိသော EVERSHINE TRADINE COMPANY LIMITED၊ ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၀၈၅၃၂၅၁၃)သည် အောက်တွင် ဖော်ပြထားသော အမှတ်တံဆိပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မှုပိုင်ရှင်ဖြစ်ပါသည်။

COSMO cosmetics

**စာချုပ်အမှတ်-၅၆၉၅/၂၀၂၂ (နေ့စွဲ- ၂၆-၇-၂၀၂၂)**

အထက်ဖော်ပြပါ အမှတ်တံဆိပ်ဖြင့် အသားအရည်နှင့် ပတ်သက်သည့် Skincare Cosmetic ပစ္စည်းများဖြစ်သော Sun Block၊ မျက်နှာသစ်ဆပ်ပြာ၊ ဆပ်ပြာခဲ၊ ရေချိုးဆပ်ပြာ၊ Lotion၊ မိတ်ကပ်၊ တိုနာ၊ Cream၊ နှုတ်ခမ်းနီ၊ ခေါင်းလျှော်ရည်၊ ဆံပင်ပေါင်းတင်ဆေး၊ ပျော့ဆေး၊ အဆီအမျိုးမျိုး၊ ရေမွှေးစသည့် အလှကုန်ပစ္စည်းအမျိုးမျိုးတို့အား ယူအေအီးနိုင်ငံ အခြေစိုက်ကုမ္ပဏီ ဖြစ်သော Premier Cosmetics & Toiletries Industries LLC၏ မြန်မာပြည်တစ်ဦးတည်း ကိုယ်စားလှယ်အနေဖြင့် မိမိတို့ Evershine Trading Co., Ltd မှ ရရှိထားပြီး၊ ပြည်ပနိုင်ငံများမှ တင်သွင်း၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လက်လီလက်ကားဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆိုမှီငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသား ပုံစံတူထုတ်လုပ်ရောင်းချခြင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တရားမဝင်သော နည်းလမ်းများဖြင့် တင်သွင်းရောင်းချဖြန့်ဖြူးခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ ထိုသို့ဆောင်ရွက်နေသည်ကို တွေ့မြင်ကြားသိရပါက ကုမ္ပဏီ၏ အကျိုးစီးပွားထိခိုက်နစ်နာမှုများအတွက် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**EVERSHINE TRADING COMPANY LIMITED၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမင်းမင်းသိမ့် (LL.B, D.B.L, D.I.L, D.M.L)** **ဒေါ်နော်ခမ်းစုစုဖွာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)** **အထက်တန်းရှေ့နေ (စဉ်-၅၃၁၀၀)**
**The Solution Power Law Firm- အမှတ်(၉၁၆)၊ ရွှေနှင်းဆီ (၂)လမ်း၊ (၉)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၅၀၉၈၉၄၂၊ ၀၉-၂၀၃၉၀၄၁**

---

## အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်ရွှေ့ပြောင်းခြင်း

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ တင်ဒါအမှတ် 51R(LPT) Base Oil & Additives (106 MT)/ MPE-TLN/ 2022-2023 ဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့သော Base Oil & Additives (106 MT) အား တင်ဒါပိတ်မည့်ရက် ၁၅-၉-၂၀၂၂ ရက်နေ့ အစား ၂၁-၉-၂၀၂၂ ရက်နေ့သို့ ရွှေ့ပြောင်းကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇- ၃၄၁၁၁၉၃၊ ၀၆၇- ၃၄၁၁၁၀၈**

---

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ ပင်းယ(၁)လမ်း၊ မြေကွက်အမှတ် (၁၁၈၄)ဟုခေါ်တွင်သော အလျား (၄၂)ပေ x အနံ(၆၀)ပေရှိ ဒေါ်မာလာခင် အမည်ပေါက် မြေချပါမစ်အမျိုးအစား မြေကွက်ထဲမှ တရားဝင် မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်းမြေအကျယ်အဝန်း အလျား (၂၂)ပေxအနံ (၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးဌေးဦး [၁၂/ဥကတ(နိုင်)၁၄၃၄၇၇]မှ အဆင့်ဆင့် ဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိ စီမံခန့်ခွဲလျက် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝတ်ရည်ဖြူ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၆၀၂၀)**
**အမှတ်(၈)ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတလမ်းဆုံ၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၆၂၄၇၉၉၆၅**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မဟော်သဓာလမ်း၊ မြေကွက်အမှတ်(၁၁/က)ဟုခေါ်တွင်သော (အလျား၂၀ပေx အနံ၆၀ပေ) အကျယ်အဝန်းရှိ ဦးတင်အုန်း (AA-080870) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးသောင်းနိုင် [၆/မအရ(နိုင်)၀၄၃၃၁၀] မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ် (စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph- 09-954280932** | **LL.B, D.B.L, D.I.L, D.M.L** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO (Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph: 09-420080932,09-977402677** |

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၂၄၂/ခ၊ မြေကွက်တည်နေရာအမှတ်(၂၄၂/ခ)၊ သူရ(၈)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးမျိုးညွန့် (အက်စ်/အိုကေအေ-၀၀၀၄၇၂)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်ဦးမျိုးညွန့်(ဖခင်)သည် (၂၉-၄-၂၀၀၆)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်ကျင်လှ(မိခင်)သည် (၂၆-၇-၂၀၁၄)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့်၎င်းတို့၏ သားသမီးများဖြစ်ကြသော ဒေါ်ရင်ရင်လှ(၁၂/ဥကတ(နိုင်)၀၃၀၂၇၃)မှကိုယ်တိုင်နှင့်ဦးတင့်လွင်(၁၂/သလန(နိုင်)၀၅၄၂၀၆)၊ ဦးမြင့်လွင်(၁၂/ဥကတ(နိုင်)၀၃၀၂၄၅)၊ဦးအောင်စိုး(၁၂/ဥကတ(နိုင်)၀၂၉၅၃၄)၊ ဒေါ်ခင်သန်းဝင်း(၁၂/ဥကတ(နိုင်)၀၂၅၀၂၅)၊ ဦးအောင်မိုး(၁၂/ဥကတ(နိုင်)၀၃၀၂၆၇)၊ဒေါ်သူဇာသန့်(၁၂/ရကန(နိုင်)၀၆၆၈၄၃)တို့ထံမှ GP ရယူ၍ သားသမီးများတော်စပ်ကြောင်းကျမ်းကျိန်လွှာ ၆/၆၉၈/၂၀၂၂(၇-၆-၂၀၂၂)၊ထောက်ခံကျမ်းကျိန်လွှာ၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊ဂရန်မူရင်း၊နိုင်/ကတ်၊ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့်ပါဝါရုပ်သိမ်းခြင်းမရှိကြောင်း၊ကျမ်းကျိန်လွှာ(၂၆၉/၂၀၂၂)(၅-၄-၂၀၂၂)နှင့်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၄၁၉၇/၂၀၂၂ နှင့် ၄၁၉၆/၂၀၂၂(၁၄-၃-၂၀၂၂)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်နှင့် အရောင်းအဝယ်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်) မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၇၊ (၄၇)ရပ်ကွက်၊ ဗန္ဓုလလမ်း၊ မြေကွက်အမှတ်(၃၃၄)ဟုခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် နှစ်ခန်းတွဲ(၆)ထပ်တိုက် အဆောက်အအုံ၏ မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း၊ ဒုတိယထပ်(၃)လွှာ(A)၊ အကျယ်အဝန်း(အလျား၁၇ပေxအနံ၅၄ပေ) အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးထွန်းလင်း[၇/ရတန(နိုင်)၀၆၃၆၅၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆုမြတ်သင်း[၁၂/ဒလန(နိုင်)၀၇၆၀၃၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပြီး အရောင်းအဝယ်ပြုလုပ်သည့်တိုက်ခန်းအားလက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ဆုမြတ်သင်း** | **ဒေါ်သီရိစိုး(LL.B, D.B.L, D.I.L, D.I.P.L,D.M.L)** |
| **[၁၂/ဒလန(နိုင်)၀၇၆၀၃၃]** | **အထက်တန်းရှေ့နေ(စဉ်-၃၅၉၄၈)** |

**အမှတ်(၁၂/၃)၊ မပိုလမ်း၊ အနောက်ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၁၈၆၃၈၈**

---




---

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၇)၊ ဥက္ကာ(၂)လမ်း၊ မြေကွက်အမှတ် (၃၄၁/ခ)၊ ဧရိယာ (၂၀ပေx ၆၀ပေ) အကျယ်အဝန်းရှိ ဦးကျော်ငြိမ်းအမည်ပေါက် (ပါမစ် မူရင်း) အမျိုးအစားမြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးလှိုင်မျိုးဝင်း [၁၂/ဒဂတ(နိုင်)၀၅၄၃၇၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့် အိမ်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဟန်သီတိုး (LL.B,D.B.L,D.I.L,D.M.L)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၅၃၂)**
**အမှတ်(၉၃၄)၊ သီလလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၉၃၈၂၀**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅)၊ သီရိမ္ဗန်လမ်း၊ မြေကွက်အမှတ် (၁၆၁)၊ မြေအကျယ်အဝန်း (၂၀ပေx ၆၀ပေ)၊ ခြေရင်းခြမ်း၊ မြေကွက်အမှတ် (၁၆၂)နှင့် ကပ်လျက်ဘက်အခြမ်းရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် ရေ/မီး မီတာ အစုံအလင်ပါ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး** တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဒေါ်နီနီဝင်း (H/RGN-၀၀၁၅၈၄)** အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဦးချစ်ထွန်းဝေ [၅/ကလတ(နိုင်)၀၆၅၁၇၁]**သည် နှစ်ဦးသဘောတူ အဆင့်ဆင့်အဆက်စပ် အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်စိတ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည် (LL.B)** | **ဒေါ်ကေကေနိုင်(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၃၃၄၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် (၅၄၄/ခ)၊ သဒ္ဒါလမ်း၊ (၂၀)၊ (၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ ဗိုလ်မင်းရောင်လမ်း၊ ဗိုလ်မင်းရောင်အိမ်ရာ၊ တိုက်အမှတ်(A-2)၊ အခန်းအမှတ်(၆၀၄)၊ (၈)ထပ်တိုက် အဆောက်အဦမှ (၆)လွှာ၊ အကျယ်အဝန်း (၉၅၀) စတုရန်းပေရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ယခုလက်ရှိလက်ဝယ်ပိုင်ရှင်ဖြစ်သော ဒေါ်ကျော့ထွေး[၁၄/ပသန(နိုင်)၀၃၂၁၀၉]မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်လှလှဝင်း[၁၂/ဥကတ(နိုင်)၀၃၃၄၁၀] +၂ ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည် (LL.B)** | **ဒေါ်ကေကေနိုင် (LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၃၃၄၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁၊**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများ တွဲဖက်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ၊ ထိုသို့ဆောင်ရွက်ရခြင်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်ဖြစ်၊ ထိုအထဲမှ ထူးချွန်သူများအနေဖြင့် စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံများနှင့် တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်ကြရမည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၈ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## ယနေ့ ဖတ်စရာ


**ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၁၂၀ စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၈၄ ဦး တွေ့ရှိ**

စာမျက်နှာ » ၁၂

**ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးအစည်းအဝေးသို့ အီရန်နိုင်ငံ တက်ရောက်မည်**

စာမျက်နှာ » ၁၃

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ**

စာမျက်နှာ » ၁၅

**တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းများ**

စာမျက်နှာ » ၁၈




လီဗာပူးအသင်း ကစားသမားများ ဂိုးသွင်းပြီး အောင်ပွဲခံနေစဉ်။

## ဘိုင်ယန်မြူးနစ်အသင်းနှင့် လီဗာပူးအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် စပါးအသင်းတို့ ရှုံးပွဲကြုံတွေ့

ချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲစဉ်(၂)အဖြစ် စက်တင်ဘာ ၁၃ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်တွေထဲမှာ အိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့ရတဲ့ ဘိုင်ယန်မြူးနစ်အသင်းနဲ့ လီဗာပူးအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြပြီး အဝေးကွင်းကို သွားရောက်ကစားခဲ့ရတဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ စပါးအသင်းတို့ ရှုံးပွဲကြုံတွေ့ခဲ့ရတာဖြစ်ပါတယ်။ စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ○



ရတနာပုံအသင်းနှင့် ရောဝတီအသင်းတို့ ယှဉ်ပြိုင်ကစားနေစဉ်။

## ရောဝတီအသင်း နောက်မှလိုက်ကစားပြီး ရတနာပုံအသင်းကို အနိုင်ယူ

ရန်ကုန် စက်တင်ဘာ ၁၄

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၁) စတုတ္ထနေ့ကို စက်တင်ဘာ ၁၄ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ရောဝတီအသင်းက ရတနာပုံအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ်(၁၀)အပြီးတွင် ရမှတ်တူရရှိထားသည့် နှစ်သင်းတွေ့ဆုံခြင်းဖြစ်သောကြောင့် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး နိုင်ပွဲရရှိခဲ့သည့် ရောဝတီအသင်းသည် ဒုတိယနေရာမှ ရန်ကုန်အသင်းကို သုံးမှတ်အကွာဖြင့် ဖိအားပေးနိုင်ခဲ့သည်။ ရောဝတီအသင်းသည် ဦးဆောင်ဂိုးပေးလိုက်ရသော်လည်း နောက်မှလိုက်ကစားကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ နိုင်ပွဲဆက်နေသည့် ရတနာပုံအသင်းသည် ယခုပွဲတွင် ရှုံးပွဲပြန်လည်ကြုံတွေ့ပြီး ဇယားထိပ်ပိုင်းမှအသင်းများနှင့် အမှတ်ပြန်လည်ကွာဟသွားသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ☆

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် စက်တင်ဘာ ၁၄

| | | |
|---|---|---|
| တောင်ငူ | ၄ ဒသမ ၃၃ | လက်မ |
| ကျိုက်ဒုံ | ၂ ဒသမ ၆၄ | လက်မ |
| ပူတာအို | ၂ ဒသမ ၁၂ | လက်မ |
| မောင်တော | ၁ ဒသမ ၈၅ | လက်မ |
| ရေး | ၁ ဒသမ ၆၂ | လက်မ |
| ဖြူး | ၁ ဒသမ ၄၉ | လက်မ |
| စစ်တွေ | ၁ ဒသမ ၄၅ | လက်မ |